# ယနေ့မြန်မာ နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၂၈)၊ ၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက် ၊ ၂၄-၇-၂၀၂၆၊ သောကြာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။)

(ဓမ္မပဒ)



# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၄၃ ဦး တက်ရောက်သဖြင့် ၉၆ ဒသမ ၉၆ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

စာမျက်နှာ ၃ သို့ ❐

## အာဆီယံတူညီဆန္ဒ (၅)ရပ်ဟုဆိုသော အာဆီယံထုတ်ပြန်ချက် (၅)ရပ်နှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ ရက်တွင် အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ ကျင်းပခဲ့ရာ အဆိုပါ အစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက မြန်မာ့အရေး ဖြစ်ပေါ်ပြောင်းလဲမှုနှင့်ပတ်သက်၍ ဆွေးနွေးအကြံပြုခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံက (၁) အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အကြံပြုချက်အချို့သည် အပြုသဘောဆောင်သည်ကို မှတ်သားထားပါကြောင်း၊ နိုင်ငံ၏ ပြည်တွင်းရေးအခြေအနေပေါ်မူတည်၍ ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း၊ (၂) မြန်မာနိုင်ငံ၌ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်မှုရှိရေးကို ဦးစားပေးဆောင်ရွက်နေသည့်အတွက် နိုင်ငံ့အကျိုးစီးပွားကို အခြေခံပြီး အကြံပြုချက်များကို အလေးထားစဉ်းစားပေးမည်ဖြစ်ကြောင်း၊ (၃) အကြံပြုချက်များသည် နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ် အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုပြီး အာဆီယံပဋိညာဉ်စာတမ်း၊ အာဆီယံနည်းလမ်း၊ အာဆီယံစိတ်ဓာတ်တို့ကို အခြေခံမည်ဆိုပါက အပြုသဘောစဉ်းစားသွားမည်ဖြစ်ကြောင်း ပြန်လည်တုံ့ပြန်ပြောကြားခဲ့ပါသည်။

အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးအပြီးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်နောက်ဆက်တွဲအနေဖြင့် အာဆီယံထုတ်ပြန်ချက် (၅) ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ထုတ်ပြန်ချက် (၅) ရပ်သည် အာဆီယံလုပ်ထုံးလုပ်နည်းများနှင့်

စာမျက်နှာ ၃ သို့ ❖

## ယနေ့ မိုးလေဝသ

**နေပြည်တော်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေး**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

## မိုးပိုလာနိုင်

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၂၃

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဇူလိုင် ၃၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်

စာမျက်နှာ ၇ သို့ ✸

## အထက်ပေါင်းလောင်းဓာတ်အားပေးစက်ရုံ ရေယာအတွင်း ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီး

## နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၄၅၄ သန်းကို မဟာဓာတ်အားလိုင်းမှတစ်ဆင့် ပြည်သူများထံသို့ ဖြန့်ဖြူးပေးလျက်ရှိ




နေပြည်တော် ဇူလိုင် ၂၃

၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ဖြစ်ပွားခဲ့သည့် ရာဂီမုန်တိုင်းကြောင့် အထက်ပေါင်းလောင်းဓာတ်အားပေးစက်ရုံ ရေယာအတွင်းရှိ ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးစီးသဖြင့် ဓာတ်အားပေးစက်ရုံမှ စက်စွမ်းအားပြည့်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မောင်းနှင်လျက်ရှိပြီး နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၄၅၄ သန်းကို မဟာဓာတ်အားလိုင်းမှတစ်ဆင့် ပြည်သူများထံသို့ ဖြန့်ဖြူးပေးလျက်ရှိသည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည်

စာမျက်နှာ ၆ သို့ ◆

**ယနေ့ ဖတ်စရာ အညွှန်း**


တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပ — စာမျက်နှာ ၆

ဖိုဒန် မန်စီးတီးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို — စာမျက်နှာ ၁၁

၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ သောကြာနေ့။

မန္တလေး

# အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ JCC ၏ အစီအစဉ်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး နိုင်ငံတော်၏ စက်မှုကဏ္ဍနှင့် ပတ်သက်သည့် ဆောင်ရွက်ချက်များကို လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရန် ရှင်းလင်းတင်ပြခြင်း အခမ်းအနားသည် ဒုတိယကြိမ်မြောက်ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ဆောက်ရေးတွင် စက်မှုကဏ္ဍသည် အခြေခံအုတ်မြစ်ဖြစ်ပြီး မိမိတို့နိုင်ငံ၌ သဘာဝသယံဇာတကုန်ကြမ်းများ ကြွယ်ဝသော်လည်း အရည်အသွေးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရန် စက်မှုစွမ်းအား လိုအပ်လျက်ရှိပါကြောင်း၊ စက်မှုလုပ်ငန်းများနှင့် MSMEs များသည် ကုန်ထုတ်စွမ်းအားမြှင့်တင်ခြင်း၊ အလုပ်အကိုင်ဖန်တီးခြင်း၊ သွင်းကုန်နှင့်နိုင်ငံခြားငွေ သုံးစွဲမှုလျှော့ချခြင်းတို့ဖြင့် နိုင်ငံစီးပွားရေးကို မောင်းနှင်ပေးသည့် အဓိကအင်အားစုဖြစ်ပါကြောင်း၊ ကမ္ဘာ့စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းနှင့် အလုပ်အကိုင်ဖန်တီးပေးမှု ၆၀ မှ ၇၀ ရာခိုင်နှုန်းခန့်မှာ MSMEs လုပ်ငန်းများဖြစ်ကြသဖြင့် ၎င်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက ဇူလိုင် ၂၂ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်ခန်းမ၌ကျင်းပသည့် လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုကဏ္ဍဆိုင်ရာဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြခြင်း အခမ်းအနား၌ ပြောကြားသည်။

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက လက်ရှိစီးပွားရေးနှင့် စက်မှုကဏ္ဍအခြေအနေ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးမူဝါဒများ၊ MSME ဖွံ့ဖြိုးတိုးတက်ရေး ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုအခြေအနေ၊ နိုင်ငံပိုင်စက်ရုံပြုပြင်ပြောင်းလဲရေး၊ ဦးစားပေးစက်မှုလုပ်ငန်းများ၊ စက်မှုကဏ္ဍ၏ အခြေခံလိုအပ်ချက်များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ခေတ်မီစက်မှုစနစ်သို့ ကူးပြောင်းရေး၊ ရေရှည်တည်တံ့သော စက်မှုဖွံ့ဖြိုးရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၊ ရှေ့ဆက်ဆောင်ရွက်မည့် ဦးစားပေးအစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ ဆွေးနွေးအကြံပြုခြင်းများကို ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးဖြေကြားသည်။

ထို့ပြင် နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များက ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်များ၊ ရိုးရာလက်မှု ထုတ်ကုန်များစသည့် ထုတ်ကုန်ပစ္စည်းများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအား ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိသည်။

အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍသည် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှုစသည့် လုပ်ငန်းများအားလုံး ပါဝင်နေသောကြောင့် MSME စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်က အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာသိဂီကို ရန်ကုန်နည်းပညာတက္ကသိုလ်ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးမင်းထွန်းကို အစမ်းခန့်ကာလ ( ၁ ) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ၂၃-၇-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ဈေးနှုန်းမှာ ၆၉၅၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## တစ်ကိုယ်တော်ပန်းချီပြပွဲ ဖွင့်လှစ်ပြသမည်

**မန္တလေး ဇူလိုင် ၂၃**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၇၄လမ်း Garden City Apartment Complex ရှိ သီရိပစ္စယာ ပန်းချီအနုပညာပြခန်းတွင် ဇူလိုင် ၂၆ ရက်နံနက် ၁၀ နာရီတွင် ပန်းချီဇော်ဇော်၏ ဆိုင်းသံကြားရင်ကလိုက်ခြင် အမည်ဖြင့် တစ်ကိုယ်တော်ပန်းချီပြပွဲကို ဖွင့်လှစ်ပြသမည်ဖြစ်သည်။

ပန်းချီပြပွဲတွင် ပန်းချီဇော်ဇော်မှ မြန်မာ့အကဟန် ငါးမျိုးကို ရေဆေးအသုံးပြုကာ သူ၏ကိုယ်ပိုင်ဟန်နှင့် စီးရီးလိုက်ရေးဖွဲ့ထားပြီး အကတစ်မျိုးလျှင် ပန်းချီကား ၁၃ ကားနှုန်းဖြင့် စုစုပေါင်း ပန်းချီကား ၆၅ ကားအား ပြသသွားမည်ဖြစ်ပြီး ပြပွဲအား ဇူလိုင် ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်တိုင် နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်၍ ပန်းချီအနုပညာချစ်မြတ်နိုးသူများ လာရောက်လေ့လာ ခံစားကြည့်ရှုနိုင်ကြောင်း သိရသည်။

**ကျော်မင်းသော်**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၄)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၃၄)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းကို ထုတ်ဝေသွားမည်ဖြစ်ပါ၍ မဂ္ဂဇင်းတွင် မြို့တော်စည်ပင်၏ အများပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် အခြားသုတ၊ ရသရရှိစေမည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ဟာသပြဇာတ်၊ အားကစားကဏ္ဍ၊ ဘာသာရေး၊ ကျန်းမာရေး၊ ခံစားမှုစာစု၊ လူငယ်ကဏ္ဍ စသည်ဖြင့် ကဏ္ဍစုံ ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသောကြောင့် စာမူများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးနေ့စဉ်သတင်းစာတိုက်၊ ၇၁လမ်းနှင့် ၃၅လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်နှင့် mdydailynewspaper@gmail.com သို့ (၁၄-၈-၂၀၂၆)ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ စာမူများကို ပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ ကလောင်အမည် ဆက်သွယ်ရမည့်ဖုန်းနံပါတ်၊ နေရပ်လိပ်စာအပြည့်အစုံတို့ကို ထည့်သွင်းဖော်ပြပေးသွားပါရန်နှင့် ကလောင်ခွဲများဖြင့် ရေးသားပေးပို့ခြင်း မပြုကြပါရန် အသိပေးအပ်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မန္တလေးတိုင်းဒေသကြီး YMBA မှ အသင်းသား၊ အသင်းသူများ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၃**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA နှစ် (၁၂၀)ပြည့် အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA မှ အသင်းသား၊ အသင်းသူများ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး ၉ ထပ်ဆောင်အစည်းအဝေးခန်းမ (၁)တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး ဆေးရုံအုပ်ကြီးဒေါက်တာ ဆန်းလွင်ဦး၊ ဒုတိယဆေးရုံအုပ်ကြီးများ၊ သွေးလှူဒါန်းဌာနမှူးနှင့် သူနာပြုဆရာမများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA ဗဟိုဥက္ကဋ္ဌ အဂ္ဂမဟာမဂ်လဓမ္မဇောတိကဓဇ ဦးမြင့်အောင်သန်းနှင့်ဇနီး ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်များ မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA ဥက္ကဋ္ဌ မဂ်ဓမ္မဇောတိကဓဇ ဦးမိုးဇော်ထွန်းနှင့် အလုပ်အမှုဆောင်များ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ အသင်းသား၊ အသင်းသူများက စုပေါင်းသွေးလှူဒါန်းကြရာ ဗဟိုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆေးရုံအုပ်ကြီးနှင့်တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားပြီး ဗဟိုဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက အလှူငွေ၊ ကြက်ဥနှင့် အချိုရည်ဗူးများ ပေးအပ်ကြပြီး ဗဟိုဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းကြသည့် သွေးရည်အိတ် ၆၀ ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးနှင့်တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (ဝဲပုံ)

ထို့နောက် ဗဟိုဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် အမှတ် ၁ စစ်မြေပြင်ဆေးတပ်ရင်း(မန္တလေး)တွင် တက်ရောက်ဆေးကုသနေသော လူနာများအတွက် စုပေါင်းလှူဒါန်းထားသော သွေးရည်အိတ် ၆၀ ကို ပေးအပ်လှူဒါန်းရာ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဝင်းနှင့်တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA နှစ် (၁၂၀)ပြည့် အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA မှ အသင်းသား၊ အသင်းသူများ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ သွေးရည်အိတ် ၆၀ အိတ်၊ အမှတ် ၁ စစ်မြေပြင်ဆေးတပ်ရင်းသို့ သွေးရည်အိတ် ၆၀ အိတ် စုစုပေါင်း ၁၂၀ အိတ်ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၂၀၃၅၈၃၈
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်သူအားလုံး စုစည်းညီညွတ်ဖို့ လို

**" ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်၊ ဒီလိုနဲ့ ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။ "**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့ အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့် စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

❒ ရှေ့ဖုံးမှ

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးဇင်မင်းထက်က ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၂၆ ခုနှစ်)နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယင်းနောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက အဆိုပါဥပဒေကြမ်းတစ်ရပ်လုံးကိုအတည်ပြုရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးဇင်မင်းထက်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)နှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက အဆိုပါဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒီဇယ်ဆီ HSD(500 ppm)အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် ထပ်မံတိုးမြှင့်၍ ခွင့်ပြုနိုင်ရေးနှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas)အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် ထပ်မံခွင့်ပြုနိုင်ရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံတော်အနေဖြင့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှုအခြေအနေနှင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းအခြေအနေ၊ ပြည်တွင်းဒီဇယ်ဆီဈေးနှုန်းနှင့် အခြေခံစားသောက်ကုန် ကုန်စည်ဈေးနှုန်း၊ ဓာတ်အားခဈေးနှုန်းနှင့် အခြားဒေသတွင်း နိုင်ငံများ၏ တုံ့ပြန်ဆောင်ရွက်မှု အခြေအနေများအပေါ် လေ့လာစိစစ်သုံးသပ်လျက်ရှိရာ ဒီဇယ်ဆီ HSD(500 ppm) အပေါ်အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်၊ သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ဖွန်လအတွက် (၁) လ ထပ်မံတိုးမြှင့် ကင်းလွတ်ခွင့်ပြုရန် လိုအပ်လျက်ရှိပါကြောင်း။

နိုင်ငံတော်အနေဖြင့် ဒီဇယ်ဆီ HSD(500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည်တို့အပေါ် အခွန်ကင်းလွတ်ခွင့်ပြုခြင်းကြောင့် လျော့နည်းသွားမည့်အခွန်ငွေများကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေးအတွက် အခွန်နှုန်းထားများ တိုးမြှင့်ခြင်းမပြုဘဲ အခွန်အခြေချဲ့ထွင်ခြင်းဖြင့် ရသင့်ရထိုက်သည့်အခွန်များကို ပိုမိုကောက်ခံရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒီဇယ်ဆီ HSD (500 ppm) အပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို (၁) လ ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန် တင်ပြရခြင်းဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD(500 ppm)အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်၊ သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ် ဖွန် ၁ ရက်မှ ၃၀ ရက်အထိ (၁)လ ထပ်မံ၍ ခွင့်ပြုနိုင်ရေးအတွက် ၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူပေးနိုင်ပါရန် လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဇူလိုင် ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုလွှတ်တော် ရုပ်သံဖိုင် ကြည့်ရှုရန် -

❖ ရှေ့ဖုံးမှ

သွေဖည်၍ အဖွဲ့ဝင်နိုင်ငံများ၊ အထူးသဖြင့် အဓိကသက်ဆိုင်သည့် မြန်မာနိုင်ငံအား မူကြမ်းချပြ အသိပေးညှိနှိုင်းမှုမရှိဘဲ ဥက္ကဋ္ဌထုတ်ပြန်ချက်၏ နောက်ဆက်တွဲအဖြစ် ထည့်သွင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည့်အတွက် အဖွဲ့ဝင်နိုင်ငံအားလုံး၏ တူညီဆန္ဒ (ASEAN Consensus) ဖြင့် ထုတ်ပြန်ခဲ့ခြင်း မဟုတ်ပါ။ ထုတ်ပြန်ချက်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံနိုင်ငံများ၏ အကြံပြုတိုက်တွန်းချက်များနှင့် အထက်ပါထုတ်ပြန်ချက်(၅) ရပ်တို့နှင့် ပတ်သက်၍ မိမိနိုင်ငံ၏အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံပြီး အာဆီယံမိသားစုစိတ်ဓာတ်ဖြင့် တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ယခင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်က ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်သည် အာဆီယံထုတ်ပြန်ချက် (၅) ရပ်နှင့် အပြန်အလှန်ဆက်နွှယ်မှုရှိသည့်အတွက် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို အကောင်အထည်ဖော်လျက် တစ်ဖက်တစ်လမ်းကလည်း အာဆီယံထုတ်ပြန်ချက် (၅) ရပ်နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို မထိခိုက်စေဘဲ အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါသည်။

မြန်မာနိုင်ငံ၌ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတို့တွင် ရွေးကောက်ပွဲများအား အောင်မြင်စွာ ကျင်းပပြီးစီးပြီးနောက် လွှတ်တော်တစ်ရပ် ပေါ်ပေါက်လာခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၆ခုနှစ်၊ ဇူလိုင်လ ၉ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ "အာဆီယံ ထုတ်ပြန်ချက် (၅) ရပ်သည် အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိ နိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် လိုအပ်သကဲ့သို့ သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"အရေးကြီးအဆိုတစ်ရပ်ကို အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေး တစ်ရပ်ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပါသည်။

အဆိုပါ အလွတ်သဘောအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက "မြန်မာနိုင်ငံသည် မိမိနိုင်ငံ၏ ပကတိအခြေအနေများကို အခြေခံ၍ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို အလေးထား စောင့်ရှောက်ကာ မြန်မာနိုင်ငံက ဦးဆောင်သော၊ မြန်မာ့ကိုယ်ပိုင်နည်းလမ်း (Myanmar-owned and Myanmar-led approach) ဖြင့် အာဆီယံနှင့် ဆက်ဆံရေးကို ပုံမှန်ပြန်လည်တိုးတက်စေရန် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ အာဆီယံထုတ်ပြန်ချက် (၅) ရပ်နှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်က အရေးကြီးအဆိုတစ်ရပ် အတည်ပြုဆုံးဖြတ်ခဲ့သည့်အပေါ် မိမိတို့အစိုးရအနေဖြင့် ပြည်သူများ၏ဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်၏ ဆုံးဖြတ်ချက်ဖြစ်သည့်အတွက် လေးစားလိုက်နာရန်နှင့် ယင်း ဆုံးဖြတ်ချက်နှင့်အညီ သင့်လျော်သည့် ဆောင်ရွက်မှုများ အကောင်အထည်ဖော်ရန် တာဝန်ရှိကြောင်း၊ အာဆီယံအဖွဲ့အတွင်း အဖြစ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်၍ အာဆီယံနှင့် ပုံမှန်ဆက်ဆံရေးပြန်လည်ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ရှင်းလင်းပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)ပါ နိုင်ငံခြားရေးမူဝါဒနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ချက်တို့နှင့်အညီ အိမ်နီးချင်းနိုင်ငံများ၊ ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားမည်ဖြစ်ပြီး အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို အစဉ်အမြဲအလေးထားကာ အာဆီယံနှင့် အပြုသဘောဆောင်၍ အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပါသည်။

အာဆီယံထုတ်ပြန်ချက် (၅) ရပ်အပေါ် ဆွေးနွေးမှုများနှင့် အကောင်အထည်ဖော်မှုများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်း၌ ပြဋ္ဌာန်းထားသည့် အာဆီယံ၏ အခြေခံမူများဖြစ်သော အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာကို လေးစားရေး၊ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ခြင်း မပြုရေးစသည့် အချက်များကို လေးစားလိုက်နာသင့်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း မိမိနိုင်ငံ၏ ပကတိအခြေအနေများအပေါ်မူတည်၍ အာဆီယံနှင့် အဖြစ်နိုင်ဆုံး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်**

**သန့်ရှင်း စိမ်းလန်းသော အနာဂတ် ဖြစ်စေဖို့ ခွန်ပစ် ပစ္စည်းများကို ပြန်လည်ပြုပြင် သုံးစွဲစို့။**

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာ သော်ဆရလမ် အား ခန့်အပ်ရန်သဘောတူ

နေပြည်တော် ဇူလိုင် ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ မုံခွန်း ဝိစစ်စတန်၏နေရာတွင် မစ္စတာ သော်ဆရလမ် အား ခန့်အပ်ရန် ထိုင်းနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ သော်ဆရလမ် ကို ၁၉၇၅ ခုနှစ် မတ်လ ၃ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ထိုင်းနိုင်ငံ ချူလာလောင်ကွန်တက္ကသိုလ်မှ ဂျာမန်ဘာသာစကားဖြင့် ဝိဇ္ဇာဘွဲ့၊ ရမ်ခမ်ဟွန် တက္ကသိုလ်မှ ဥပဒေပညာဖြင့် ဝိဇ္ဇာဘွဲ့၊ ဗြိတိန်နိုင်ငံ ဝေါဝစ် တက္ကသိုလ်မှ နိုင်ငံတကာ နိုင်ငံရေးဘောဂဗေဒဖြင့် မဟာဝိဇ္ဇာဘွဲ့တို့ကို ရရှိခဲ့သည်။

မစ္စတာ သော်ဆရလမ်သည် ၁၉၉၆ ခုနှစ်တွင် ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဟိုချီမင်းမြို့ရှိ ထိုင်းကောင်စစ်ဝန်ချုပ်ရုံး၊ ဆစ်ဒနီမြို့ရှိ ထိုင်းကောင်စစ်ဝန်ချုပ်ရုံးနှင့် ဘူဒါပက်မြို့ရှိ ထိုင်းသံရုံးတို့၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် လော့စ်အိန်ဂျယ်လိစ်မြို့ရှိ ထိုင်းကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ သော်ဆရလမ်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။

သတင်းစဉ်

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၃**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးဥပဒေရေးဆွဲနိုင်ရေး၊ လမ်းအဆင့်မြှင့်တင်ပေးရေး၊ တံတားအသစ်တည်ဆောက်ပေးနိုင်ရေး၊ ကန်တူးဖော်ရှင်းလင်းအဆင့်မြှင့်တင်ပေးရေးနှင့် ကုန်စည်ပို့ဆောင်ရာလမ်းကြောင်းများတွင် အဆင်ပြေစွာ ပို့ဆောင်နိုင်ရန် ဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၇ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ဒလမဲဆန္ဒနယ်မှ ဦးတင်မြင့်၏ **ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အုပ်ချုပ်ရေးဥပဒေရေးဆွဲရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူက မြို့နယ်အဆင့်အုပ်ချုပ်ရေးလုပ်ငန်းများအတွက် ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ဥပဒေကို စကားရပ်များအဆင့်ဆင့်အစားထိုးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးများက ယနေ့အချိန်အထိ တာဝန်များကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၈ တွင် "ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့၏ အုပ်ချုပ်ရေးကို နိုင်ငံ့ဝန်ထမ်းများအား တာဝန်ပေးဆောင်ရွက်စေရမည်" ဟူ၍ ပြဋ္ဌာန်းထားရှိမှုနှင့်အညီ နိုင်ငံတော်သမ္မတရုံး၏ ကြေညာချက်အမှတ် ၈/၂၀၁၁ ဖြင့် မြို့နယ်အဆင့်အုပ်ချုပ်ရေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးမှ ထမ်းဆောင်ရန် တာဝန်ပေးအပ်ခဲ့ပြီး ခေတ်စနစ်အလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၂/၂၀၂၆ ဖြင့် "မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်ကို ပြင်ဆင်သည့် ညွှန်ကြားချက်"ကို ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ဥပဒေပုဒ်မ ၁၃၆ ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ထုတ်ပြန်ခဲ့ရာ ယင်းညွှန်ကြားချက်များအရ မြို့နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်းဖြစ်သည့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ မြို့နယ်ဥပဒေအရာရှိ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်သူတစ်ဦးတို့က အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မြို့နယ်အဆင့် အုပ်ချုပ်ရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် တာဝန်နှင့်လုပ်ပိုင်ခွင့် ဥပဒေပါပြဋ္ဌာန်းချက်များသည် ပြည့်စုံလုံလောက်ပြီးဖြစ်ခြင်း၊ ယင်းဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို စကားရပ်များအစားထိုးသည့် ဥပဒေများအရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများအား လုပ်ပိုင်ခွင့်အပ်နှင်းထားပြီးဖြစ်ခြင်း၊ ခေတ်ကာလနှင့်လျော်ညီစေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို ဥပဒေကဲ့သို့ အာဏာတည်စေရန် ထုတ်ပြန်ထားပြီးဖြစ်ခြင်းတို့ကြောင့် လတ်တလောကာလတွင် မြို့နယ်အုပ်ချုပ်ရေးဥပဒေမူကြမ်းရေးဆွဲရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဦးတင်ရွှေ၏ **ရွှေတောင်မြို့နယ်ရှိ ညောင်စာရေး-တရုတ်မှော်-ကွေ့မအထိ လမ်းအပိုင်းအား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ရွှေတောင်မြို့နယ် ညောင်စာရေး - တရုတ်မှော် - ကွေ့မလမ်းသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး ၁၁ မိုင် ၂ ဖာလုံရှိပါကြောင်း၊ အဆိုပါလမ်းနှင့်စပ်လျဉ်း၍ မြေသားလမ်း ၉ မိုင် ၃ ဖာလုံအနက် ၃ မိုင်မှာ အကျယ် ၁၆ ပေခန့်၊ ၆ မိုင် ၃ ဖာလုံတွင် အကျယ် ၇ ပေခန့်၊ မြေနီလမ်း ၁ မိုင်တွင် အကျယ် ၁၂ ပေခန့်သာရှိပါသဖြင့် မြေသားတာပေါင်ချဲ့ခြင်းလုပ်ငန်းအား ဦးစွာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သဖြင့် ကနဦးအနေဖြင့် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသည့်အတွက် ပထမအဆင့်အနေဖြင့် (လှေကြီးစုကျေးရွာမှ သရက်တပင်ကျေးရွာ) ထိ ၂ မိုင် ၁ ဖာလုံလမ်းပိုင်းအား မြေသားတာပေါင်ချဲ့ခြင်းနှင့် မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းများကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။



ကြံခင်းမဲဆန္ဒနယ်မှ ဦးနိုင်မင်းဦး၏ **ရာဂီမုန်တိုင်းကြောင့် ပျက်စီးခဲ့ရသော ကြံခင်းမြို့နယ်အတွင်းရှိ ဝွေးချိုတံတားအား အသစ်တည်ဆောက်ပေးနိုင်ပါရန် သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ကြံခင်းမြို့နယ် ဝွေးချိုတံတားသည် ကျေးရွာမှ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသော အရှည် ၁၆၄ ပေရှိသည့် သစ်သားကြမ်းခင်းတံတားဖြစ်ပါကြောင်း၊ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် ချောင်းရေများကျဆင်းလာခဲ့ပြီး ဒိုက်များပိတ်ဆို့လာကာ တံတားအလယ်ပိုင်းပြတ်ထွက်ပြီး ရေနောက်မျောပါသွားခဲ့ရာ လက်ရှိတွင် ကျေးရွာနှင့် ဌာနပူးပေါင်း၍ အကျယ် ၈ ပေ၊ အမြင့် ၁၈ ပေ ရှိသော ယာယီဝါးတံတား ဆောင်ရွက်ထားရှိပါကြောင်း။

အဆိုပါတံတားကို ဝန်ထောက်ကွင်း၊ ပင်ကတိုင်း၊ ဝွေးချို၊ သာပေါင်း စုစုပေါင်းကျေးရွာ ၄ ရွာမှ အသုံးပြုသွားလာကြပါကြောင်း၊ တံတား၏မြောက်ဘက်ရှိ ကျေးရွာ ၃ ရွာတို့အနက်မှ အဝေးဆုံးဖြစ်သော ဝွေးချိုကျေးရွာသည် ပုသိမ်-မုံရွာကားလမ်းသို့ ၂ မိုင် ၂ ဖာလုံသာကွာဝေးပြီး တံတား၏တောင်ဘက်ရှိ သာပေါင်းကျေးရွာသည် ပုသိမ်-မုံရွာကားလမ်းသို့ ၄ ဖာလုံသာကွာဝေးသည့်အတွက် အဆိုပါတံတားအား အသုံးမပြုဘဲ လမ်းမကြီးဆီသို့ အဆင်ပြေလွယ်ကူစွာ အချိန်တိုတွင်း သွားလာနိုင်ပါကြောင်း။

သို့ဖြစ်ပါ၍ တံတားအသစ် တည်ဆောက်ပေးရန် လတ်တလော ဦးစားပေးအစီအစဉ်တွင် မပါရှိသေးပါကြောင်းနှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လက်ရှိတံတားအား လူနှင့်ဆိုင်ကယ်များ သွားလာ၍ရအောင် ပြုပြင်ခြင်းလုပ်ငန်းကို ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

လင်းခေးမဲဆန္ဒနယ်မှ စိုင်းထွန်းစံ(ခ) စိုင်းဆေဟန်၏ **ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) ကုန်စည်ပို့ဆောင်ရာ လမ်းကြောင်းပေါ်တွင် အဆင်ပြေစွာပို့ဆောင်နိုင်ရေး ဆောင်ရွက်ပေးရန် သို့မဟုတ် ကုန်စည်သီးသန့်အမြန်လမ်းကြောင်း ဖော်ဆောင်ပေးရန်၊ ခရီးကုန်ကျစရိတ်ထိန်းချုပ်ရေးအတွက် သယ်ယူစရိတ်ကျဆင်းအောင် ဆောင်ရွက်ပေးရန်၊ နယ်စပ်ပေါက်ဈေးနှင့် ပြည်တွင်းဝယ်ဈေး ကွာဟချက်ကျဉ်းမြောင်းစေရန်အတွက် အနည်းဆုံး အာမခံဈေးနှုန်း သတ်မှတ်ပေးရန်နှင့် မျိုးစေ့နှင့် မြေဩဇာများကို အစိုးရအစီအစဉ်ဖြင့် တိုက်ရိုက်ရောင်းချပေးရန် အစီအစဉ် ရှိ/မရှိ**တို့ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) ကုန်သွယ်မှုလမ်းကြောင်းများတွင် နယ်မြေအေးချမ်းတည်ငြိမ်သည်ဆိုသော်လည်း နိုင်ငံတော်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် တရားဥပဒေအပြည့်အဝစိုးမိုးမှုရရှိအောင် ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားဝင်ကုန်စည်များ တင်ပို့/တင်သွင်းခြင်းကို စိစစ်ထိန်းကျောင်းခြင်းသည် နိုင်ငံအတွက် အခွန်ဘဏ္ဍာများရရှိရုံသာမက ပြည်တွင်းထုတ်လုပ်မှုရရှိသော ထုတ်ကုန်များအပေါ် မလိုလားအပ်သော ထိခိုက်နစ်နာမှုများအား ထိန်းချုပ်နိုင်ပြီး ပြည်တွင်းတောင်သူလယ်သမား၏ ထွက်ကုန်ဈေးကွက်များအပေါ် ရောင်းလိုအား/ဝယ်လိုအားနှင့်အညီ ဈေးနှုန်းဖြစ်ပေါ်စေမည်ဖြစ်ပါကြောင်း၊ လမ်းခရီးတစ်လျှောက် တရားမဝင်အခွန်ကောက်ခံနေမှုများကို အထောက်အထားများဖြင့် တရားဝင်တိုင်ကြားနိုင်ပြီး ပါဝင်ပတ်သက်သူများကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သီးနှံများ၏ အနည်းဆုံးအာမခံဈေးနှုန်းသတ်မှတ်ရန်ကိစ္စနှင့်စပ်လျဉ်း၍ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

မျိုးစေ့ဈေးနှုန်းကြီးမြင့်မှုကို ထိန်းချုပ်ပေးရန်နှင့် ဈေးနှုန်းသက်သာသည့် မျိုးစေ့ရရှိရေးနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ဌာနခွဲအောက်ရှိ မျိုးသန့်ခြံပေါင်း ၄၃ ခြံမှ စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် အခြားသီးနှံ စုစုပေါင်း ၃၃၄၂ ဒသမ ၆ ဧက စိုက်ပျိုးလျက်ရှိပြီး စီးပွားဖြစ်မျိုးသန့်မျိုးပွားမျိုးစေ့အဖြစ် ပြန်လည်မျိုးစေ့ထုတ်မည့်တောင်သူများ၊ ပုဂ္ဂလိကကုမ္ပဏီများသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း။

ထို့အတူ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ ခြံ ၁၄၅ ခြံမှ သီးနှံ ၁၀ မျိုးအတွက် ပြည်တွင်းမျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ပွားများရရှိလာသည့် မျိုးစေ့များကို မျိုးစေ့ထုတ်ကုမ္ပဏီများ၊ မျိုးစေ့ထုတ်အသင်းအဖွဲ့များမှ စီးပွားဖြစ်မျိုးသန့်မျိုးစေ့များအဖြစ် ဆက်လက်ပွားများပြီး တောင်သူများထံသို့ ဖြန့်ဝေပေးလျက်ရှိရာ ထပ်မံလိုအပ်သည့်မျိုးများအတွက် ပြည်ပမှ ဆက်လက်တင်သွင်းရပါကြောင်း။

မြေဩဇာနှင့်စပ်လျဉ်း၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီတို့ ပူးပေါင်း၍ ကုမ္ပဏီများမှသွင်းအားစုများကို ဈေးနှုန်းကြီးမြင့်စွာဖြင့် ရောင်းချမှုများမရှိစေရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှထုတ်လုပ်သော ယူရီးယားဓာတ်မြေဩဇာများအား ဓာတ်မြေဩဇာခွဲတမ်းသတ်မှတ်ရေးကော်မတီမှလည်း ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်ပိုင် ခြံ/ စိုက်ကွင်းများ၊ ဒေသခံမျိုးစေ့ထုတ်လုပ်သူများအစုအဖွဲ့များမှ ထုတ်လုပ်ဖြန့်ဖြူးသည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များကို သုံးစွဲနိုင်သကဲ့သို့ သီးနှံအထွက်နှုန်းမထိခိုက်စေဘဲ ဓာတ်မြေဩဇာသုံးစွဲမှုလျှော့ချပြီး ဒေသတွင်းတွင်ထုတ်လုပ်သည့် မြေဩဇာများကို ဓာတ်မြေဩဇာနှင့် ပေါင်းစပ်သုံးစွဲခြင်းဖြင့် ပြည်ပတင်သွင်းမှုကိုလျှော့ချနိုင်ပြီး တစ်ဖက်တစ်လမ်းကလည်း ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ပါးသက်သာစေမည်ဖြစ်သည့်အတွက် တရားမဝင်ကုန်စည်များ ဝင်ရောက်မှုများအား တည်ဆဲဥပဒေများနှင့်အညီ ပူးပေါင်းဆောင်ရွက် တားဆီးထိန်းကျောင်းခြင်းဖြင့် သယ်ယူစရိတ်လျှော့နည်းစေရေး၊ ဈေးနှုန်းကွာဟမှုမရှိစေရေး၊ ဈေးနှုန်းသက်သာသည့် မျိုးစေ့နှင့်မြေဩဇာရရှိရေးကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။


မှော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၏ **Rice Export Zone (REZ) စီမံကိန်းတွင် ပါဝင်သည့်မြို့နယ်များမှ တောင်သူလယ်သမားများ၏ အကျိုးစီးပွားရရှိစေမှုနှင့်အတူ ဌာနဆိုင်ရာနှင့် လုပ်ငန်းရှင်များ အကျိုးတူစီမံဆောင်ရွက်နေမှုအခြေအနေကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ပြည်ပတင်ပို့မည့် ဆန်စပါးစိုက်ပျိုးရေးဇုန် (Rice Export Zone – REZ) စီမံကိန်းကို အစားအစာဘေးကင်းလုံခြုံမှုနှင့် ရေရှည်တည်တံ့မှုဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် အရည်အသွေးမြင့်ဆန်များထုတ်လုပ်ရန်၊ ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ရန်၊ ဇာစ်မြစ်ခြေရာခံနိုင်မှု (Traceability)၊ အရည်အသွေးအာမခံချက်နှင့် တာဝန်ယူမှုရှိသည့် စိုက်ပျိုးရေးလုပ်ထုံးလုပ်နည်းများ သေချာစေရန်၊ တောင်သူများဝင်ငွေတိုးစေရန်နှင့် လူနေမှုဘဝမြှင့်တင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် အရည်အသွေးတူဆန်များ အရေအတွက်အမြောက်အမြား စဉ်ဆက်မပြတ် ဈေးကွက်တင်ပို့ရောင်းချနိုင်ရန် ရည်ရွယ်၍ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့မှ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

အဆိုပါ စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်အနေဖြင့် Exporter ကုမ္ပဏီက တစ်ဧကလျှင် ငွေကျပ် ၂ သိန်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ် ၂ ဒသမ ၅ သိန်းအား Exporter ကုမ္ပဏီမှတစ်ဆင့် တောင်သူများအား တစ်ဧကလျှင် စိုက်ပျိုးထုတ်လုပ်မှုစရိတ်ငွေကျပ် ၄ ဒသမ ၅ သိန်းနှုန်း ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေအဖြစ် ငွေကျပ် ၃ သိန်းဖြင့် စုစုပေါင်း တစ်ဧကလျှင် ငွေကျပ် ၇ ဒသမ ၅ သိန်းနှုန်းချေးငွေအဖြစ် ထုတ်ချေးပြီး အရင်းအနှီးရအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

REZ စီမံကိန်းတွင် ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှုစရိတ် တစ်ဧက ငွေကျပ် ၇ ဒသမ ၅ သိန်းနှုန်း ချေးငွေရရှိပြီး ချေးငွေအား ထွက်ရှိသည့်စပါးဖြင့် ပြန်လည်ပေးဆပ်နိုင်သည့် အခွင့်အလမ်းရရှိခြင်း၊ မျိုးကောင်းမျိုးသန့်များ၊ ဓာတ်မြေဩဇာ စသည့်သွင်းအားစုများအား ဈေးနှုန်းသက်သာစွာ ရရှိသုံးစွဲနိုင်ခြင်း၊ စိုက်ပျိုးရေး

*စာမျက်နှာ ၅ သို့*

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တောင်သူလယ်သမားများဘဝဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများအား လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၂၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့သို့လာရောက်လေ့လာသည့် တောင်သူလယ်သမားများဘဝ ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများအား ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော် (C)ဆောင် ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ တောင်သူလယ်သမားများဘဝဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းနှင့် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများက ဆောင်ရွက်နေသည့် လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ လုပ်ငန်းစဉ်များ၊ ဥပဒေပြုရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်အတွင်း ဆောင်ရွက်နေမှုများအား အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လွှတ်တော်၏ လုပ်ငန်းတာဝန်များသည် ကျယ်ပြန့်များပြားပါကြောင်း၊ အဆိုပါလုပ်ငန်းတာဝန်များ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုနိုင်ရန် ကော်မတီ ၂၂ ခု ဖွဲ့စည်းထားပါကြောင်း၊ အဆိုပါကော်မတီများတွင် တောင်သူလယ်သမားရေးရာ ကော်မတီနှင့် ကျန်းမာရေးနှင့်အားကစားဆိုင်ရာ ကော်မတီများလည်းပါဝင်ပါကြောင်း၊ ထို့ကြောင့် ယခုတက်ရောက်လာသူများအနေဖြင့် မိမိတို့၏အခက်အခဲ၊ ဆောင်ရွက်လိုသည့် ကိစ္စရပ်များအား လွှတ်တော်မှ ဆောင်ရွက်ပေးနိုင်ရေးအတွက် အဆိုပါကော်မတီများဖြင့်ဆက်သွယ်တင်ပြနိုင်ပါကြောင်း၊ မိမိတို့လွှတ်တော်များသည် တောင်းဆိုသူ ပြည်သူများနှင့် ဆောင်ရွက်ပေးရမည့် အစိုးရအကြား ပေါင်းကူးပေးရသည့် နေရာဖြစ်ပါကြောင်း၊ မိမိတို့၏ အခက်အခဲများကို တင်ပြဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်က အမြဲတံခါးဖွင့် ကြိုဆိုလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ မိမိတို့လွှတ်တော်အား လာရောက်လေ့လာသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ ကျိုက်လတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ကြီးက ၎င်းကိုယ်တိုင်ရေးသားပြီး စာပေဗိမာန် စာမူဆုနှင့် ပခုက္ကူဦးအုန်းဖေစာမူဆုရရှိသည့် စာအုပ်များအား လွှတ်တော်စာကြည့်တိုက်များအတွက် ပေးအပ်လှူဒါန်းမှုကို လက်ခံခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (ဓာတ်ပုံ)

စာအုပ်လှူဒါန်းပွဲသို့ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒသမနေ့သို့ ပြည်သူများတက်ရောက်လေ့လာ



နေပြည်တော် ဇူလိုင် ၂၃

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုနယ်မြေရှိ မြို့နယ်ရှစ်မြို့နယ်မှ လေ့လာသူ ၃၁၈ ဦး တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

နေပြည်တော် ဇူလိုင် ၂၃

ဇူလိုင် ၂၃ ရက် မြန်မာစံတော်ချိန် ၁၀ နာရီ ၃၆ မိနစ် ၁၈ စက္ကန့်အချိန်တွင် ကန့်ဘလူ မြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၃၉ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မော်လိုက်မြို့၏ အရှေ့-အရှေ့တောင်ဘက် ၃၉ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၄၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၀၀ ဒီဂရီ၊ အနက် ၇၅ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၇(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။ မိုး/ဇလ

*စာမျက်နှာ ၄ မှ*

ဆိုင်ရာ နည်းပညာအကူအညီများရရှိခြင်း၊ သီးနှံပေါ်ချိန်တွင် မျိုးကောင်းမျိုးသန့်စိုက်ပျိုးထားသည့် သီးနှံများကို ကာလပေါက်ဈေးထက် ဈေးပိုမိုပေးပြီး ဝယ်ယူပေးခြင်းတို့ကြောင့် ဝင်ငွေတိုးတက်ရရှိခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍ တိုးမြှင့်ရေး၊ နိုင်ငံခြားဝင်ငွေပိုမိုရရှိစေရေး၊ ဈေးကွက်ထိုးဖောက်နိုင်ရေးနှင့် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၆-၂၀၃၀)ကို အစိုးရဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များပူးပေါင်းရေးဆွဲပြီး အထူးအလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

အိမ်မဲ မဲဆန္ဒနယ်မှ ဦးတင်ဦး၏ **လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူ တောင်သူလယ်သမားအိမ်ထောင်ဦးစီးများကွယ်လွန်ပါက အမွေဆက်ခံခွင့်ရှိသည့် မိသားစုဝင်များမှ လွယ်ကူချောမွေ့စွာ အမည်ပြောင်းလဲပေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ဖြေလျှော့ဆောင်ရွက်ပေးနိုင်ရေးအစီအစဉ် ရှိ၊ မရှိသိရှိလိုခြင်းနှင့် ရှိပါက မည်ကဲ့သို့ ဖြေလျှော့ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက လယ်ယာမြေကို အမွေဆက်ခံခြင်းဖြင့် လုပ်ပိုင်ခွင့်ပြုလက်မှတ် အမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းဖြစ်ပါက အမွေဆက်ခံခွင့်ရှိသူသည် ဦးစွာစီရင်ပိုင်ခွင့်ရှိသည့် သက်ဆိုင်ရာတရားရုံးမှ အမွေဆက်ခံခွင့်လက်မှတ်ရရှိရေး လျှောက်ထားရယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အမွေဆက်ခံခွင့်ရှိသူသည် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအမည်ပြောင်းလဲထုတ်ပေးရန် လျှောက်လွှာပုံစံ (၉-က)နှင့်အတူ ပုံစံ(၇)မူရင်း၊ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်၊ စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးမှ ထုတ်ပေးထားသော အမွေဆက်ခံခွင့်လက်မှတ် မိတ္တူပူးတွဲ၍ မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လျှောက်ထားရမည်ဖြစ်ပါကြောင်း။

မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသည် မြို့နယ်မြေစာရင်းဦးစီးဌာနရုံးရှိ မှတ်ပုံတင်စာရင်းပုံစံ(၅)၊ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) (ရုံးလက်ခံ)တို့နှင့် တိုက်ဆိုင်စစ်ဆေးပြီး (၁၅)ရက်အတွင်း မြို့နယ်ဦးစီးဌာနရုံးနှင့် လယ်ယာမြေတည်ရှိရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင် လယ်ယာမြေလုပ်ပိုင်ခွင့် အမည်ပြောင်းလဲလျှောက်ထားခြင်းကို ကန့်ကွက်လိုသူတို့က ရက်ပေါင်း (၃၀) အတွင်း ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့် ကြော်ငြာစာပုံစံ (၂-ဂ) ကို ကပ်ထားရမည်ဖြစ်ပါကြောင်း။

မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ကန့်ကွက်နိုင်ရန် ကြော်ငြာသည့်ရက်မှ ရက်ပေါင်း (၃၀)ပြည့်ပြီးနောက် ကန့်ကွက်လွှာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ (၇)ရက်အတွင်း သဘောထားမှတ်ချက်နှင့်အတူ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ တင်ပြရမည်ဖြစ်ပါကြောင်း၊ ကန့်ကွက်ခြင်းရှိပါက ကန့်ကွက်လွှာနှင့်တင်ပြလာသည့် အထောက်အထားလက်ခံများကို စိစစ်၍သဘောထားမှတ်ချက်နှင့်အတူ ပူးတွဲတင်ပြရမည် ဖြစ်ပါကြောင်း။

ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ကန့်ကွက်ချက်သည် ခိုင်လုံမှုမရှိပါက အမည်ပြောင်းလဲဆောင်ရွက်ရန် အကြောင်းကြားခြင်း၊ ကန့်ကွက်ချက်သည် ငြင်းပယ်ရန် ခိုင်လုံကြောင်း စစ်ဆေးတွေ့ရှိပါက ငြင်းပယ်ကြောင်း အကြောင်းကြားစာပုံစံ(၈-ခ) ထုတ်ပေးနိုင်ရေး အကြောင်းကြားခြင်းကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ (၁၅)ရက်အတွင်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အမည်ပြောင်းလဲ ဆောင်ရွက်ပေးရန် အကြောင်းကြားချက်ရရှိလျှင် (၁၅)ရက်အတွင်း မြို့နယ်ဦးစီးဌာနရုံးတွင် လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ရန် ဦးစီးဌာနရငွေစာရင်းသို့ ဦးပိုင်လုပ်ကွက်(၁)ခုအတွက် မှတ်ပုံတင်ကြေးကို မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းစေပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေလုပ်ပိုင်ခွင့်(ပုံစံ-၇) ပြောင်းလဲပြင်ဆင်ထုတ်ပေးရမည်ဖြစ်ပြီး အမွေဆက်ခံခြင်းကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ မှတ်ပုံတင်စာရင်းပုံစံ(၅-က)တွင် မှတ်ပုံတင်ထားရမည်ဖြစ်ပါကြောင်း။

ငြင်းပယ်ကြောင်း အကြောင်းကြားချက်ရရှိလျှင် (၁၅)ရက်အတွင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ပုံစံ(၈-ခ)ဖြင့် ငြင်းပယ်ကြောင်း အကြောင်းကြားခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပြီး အမွေဆက်ခံခြင်းကိစ္စရပ်များအတွက် အမည်ပြောင်းပေးရန် လျှောက်ထားချက်အပေါ် ငြင်းပယ်ခံရသူများ စာရင်းပုံစံ(၆-ခ)တွင် မှတ်ပုံတင်ထားရှိရမည် ဖြစ်ပါကြောင်း။

လက်ရှိအချိန်တွင် (ပုံစံ-၇)ရရှိထားသူ ကွယ်လွန်ပါက အမွေဆက်ခံခွင့်ရှိသူ မိသားစုဝင်များ၏ အမည်ပြောင်းလဲနိုင်ရေးအတွက် အထက်ပါလုပ်ငန်းစဉ်များနှင့်အညီသာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

မိုးနဲမဲဆန္ဒနယ်မှ စိုင်းထွန်းလင်း၏ **ကျိုင်းတောင်းမြို့ရှိ နောင်တုန်ဟုန်းကန်ကြီးအား တူးဖော်ရှင်းလင်းအဆင့်မြှင့်တင်ခြင်းကို မည်သည့်အချိန်မှစ၍ မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က နောင်တုန်ဟုန်းကန် (အောင်မင်္ဂလာ) ကန်သည် နှစ်ကာလသက်တမ်း ကြာမြင့်ပြီဖြစ်သဖြင့် သဲနုန်းများပို့ချတိမ်ကောကာ ကိုင်းပင်များပေါက်ရောက်နေမှုကြောင့် ရေသိုလှောင်နိုင်မှု လျော့နည်းကျဆင်းလျက်ရှိပါကြောင်း၊ ကန်၏ ရေသိုလှောင်နိုင်မှုကျဆင်းလာခြင်းကြောင့် ကန်၏ပတ်ဝန်းကျင်ဒေသနေပြည်သူများ သောက်သုံးရေရယူနေသော ရေတွင်းများတွင် ရေခန်းခြောက်ခြင်း၊ ကန်၏အနောက်ဘက်ရှိ စိုက်ပျိုးမြေဧက(၃၀)ခန့်မှာ မိုးစပါးစိုက်ပျိုးရေ လုံလောက်မှု မရှိခြင်းများ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

ဒေသတွင်း စိုက်ပျိုးရေ၊ သောက်သုံးရေ ခက်ခဲမှုမရှိစေရေးနှင့် မြို့သာယာလှပရေးအတွက် နောင်တုန်ဟုန်းကန်အတွင်း ရေပိုမိုသိုလှောင်နိုင်ရန် ကန်အတွင်းရှိ သဲနုန်းဒ် ၃ ပေခန့်တူးဖော်ခြင်း၊ ကန်ပေါင်မြှင့်ပြုပြင်ရန် လိုအပ်သောအပိုင်းများကို မြေဖို့ပြုပြင်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းပြီး ကန်ရေပြင်မြင့်တက်လာချိန်တွင် ကန်ပေါင်ကျိုးပေါက်မှု မဖြစ်ပေါ်စေရန်အတွက် ပိုလျှံရေထုတ်နုတ်ပေးနိုင်ရန် ရေထုတ်ပေါက်တစ်ခု တည်ဆောက်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် နောင်တုန်ဟုန်းကန်အတွင်း လက်ရှိသိုလှောင်နိုင်သည့် ပမာဏ ၁၆ ဧကပေခန့်ရှိရာမှ သိုလှောင်ရေပမာဏ ၄၈ ဧကပေ၊ (ဂါလန် သိန်း ၁၃၀)ခန့်အထိ တိုးမြှင့်သိုလှောင်နိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ နောင်တုန်ဟုန်းကန် ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ဇူလိုင် ၂၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင် ကြည့်ရှုရန် -



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၃

အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်သည် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့(UNFPA)၏ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Jaime Nadal Roig နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသမီးရေးရာဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အမျိုးသမီးရေးရာဝန်ကြီးဌာနနှင့် UNFPA အဖွဲ့တို့အကြား လက်မှတ်ရေးထိုးမည့် Work Plan ပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ဝန်ကြီးဌာနတွင် Help Line ထားရှိနိုင်ရေး၊ အကြမ်းဖက်ခံရသူအမျိုးသမီးများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာ (One Stop Women Support Center–OSWSC) တွင် ဝန်ဆောင်မှုများ ပံ့ပိုးပေးရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်၊ ဘာသာရပ်ဆိုင်ရာတာဝန်ရှိသူများနှင့် UNFPA မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယမန်နေ့နံနက်ပိုင်းက Jiegao International Jade & Jewelry Trade Center ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးနှင့် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Wang Yubo တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Wang Yubo က အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားကာ ပြည်ထောင်စုဝန်ကြီးနှင့် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးတို့က မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဖွင့်လှစ်ပေးကြပြီး ခင်းကျင်းပြသထားသော ကျောက်စိမ်းအရိုင်းတွဲများကို လှည့်လည်ကြည့်ရှုသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲကို Jiegao International Jade & Jewelry Trade Center ၌ ဇူလိုင် ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် Jincheng Dihai ဟိုတယ်၌ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Wang Yubo နှင့် အဖွဲ့အား လက်ခံတွေ့ဆုံပြီး ကျောက်မျက်ပြပွဲ ကျင်းပရေးနှင့် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## MSME ဒီဂျစ်တယ်ချေးငွေ လျှောက်ထားခြင်းဆိုင်ရာ အက်ပလီကေးရှင်းသည် လုပ်ငန်းရှင်များအတွက် ငွေကြေးအရင်းအနှီးလိုအပ်ချက်ကို အချိန်တိုအတွင်း မြန်ဆန်စွာ ဖြည့်ဆည်းပေးနိုင်မည့် အဓိကပေါင်းကူးတံတားတစ်ခုဖြစ်

နေပြည်တော် ဇူလိုင် ၂၃

MSME ဒီဂျစ်တယ်ချေးငွေ လျှောက်ထားခြင်းဆိုင်ရာ အက်ပလီကေးရှင်း(MSME Digital Lending Application) သည် လုပ်ငန်းရှင်များအတွက် ငွေကြေးအရင်းအနှီး လိုအပ်ချက်ကို အချိန်တိုအတွင်း မြန်ဆန်စွာဖြည့်ဆည်းပေးနိုင်မည့် အဓိက ပေါင်းကူးတံတားတစ်ခု ဖြစ်လာမည်ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ပြောကြားသည်။

ယနေ့မွန်းလွဲပိုင်းတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃၀)အစည်းအဝေးခန်းမ၌ ကျင်းပသည့် MSME ဒီဂျစ်တယ်ချေးငွေ လျှောက်ထားခြင်းဆိုင်ရာ အက်ပလီကေးရှင်း (MSME Digital Lending Application) တည်ဆောက်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကလိုအပ်ချက်များစွာရှိသည့်အနက် "ငွေကြေးအရင်းအနှီးများ လွယ်ကူမြန်ဆန်စွာ လက်ဝယ်ရောက်ရှိရေး" သည် မရှိမဖြစ် လိုအပ်သော အသက်သွေးကြောတစ်ခု ဖြစ်ကြောင်း။

ထို့ကြောင့် ခေတ်မီနည်းပညာ ဒီဂျစ်တယ်စနစ် အသုံးပြုပြီး စာရွက်စာတမ်း အနည်းဆုံးဖြင့် စိစစ်နိုင်မည့် Paperless စနစ်သို့ မဖြစ်မနေ ကူးပြောင်းအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခု MSME Digital Lending Application ကို အကောင်အထည်ဖော် အသုံးပြုခြင်းဖြင့် ယခင်က ရက်သတ္တပတ်ပေါင်းများစွာ (သို့မဟုတ်) လပေါင်းများစွာ ကြာမြင့်ခဲ့သည့် စိစစ်မှုလုပ်ငန်းစဉ်များကို အချိန်တိုအတွင်း မိနစ်ပိုင်း (သို့မဟုတ်) ရက်အနည်းငယ်အတွင်း ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက MSME ဒီဂျစ်တယ်ချေးငွေ အက်ပလီကေးရှင်း အကောင်အထည်ဖော်ရေး၊ Digital Application ၏ Scope သတ်မှတ်ခြင်း၊ အချက်အလက် ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ Data အချက်အလက် လုံခြုံရေး၊ နည်းပညာစံနှုန်းများနှင့် ဒေသန္တရ အခန်းကဏ္ဍပိုင်းတို့ကို ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးသွင်အောင်နှင့် ဒေါက်တာအောင်ဇေယျ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်အသီးသီးမှ တာဝန်ရှိသူများ၊ နည်းပညာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF)၊ မြန်မာနိုင်ငံဒီဂျစ်တယ်စီးပွားရေးဆိုင်ရာလုပ်ငန်းရှင်အသင်း (MDEA) နှင့် အသင်းအဖွဲ့များမှ ဘာသာရပ်ဆိုင်ရာပညာရှင်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



◆ ရွှေဖုံးမှ

ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့၏ အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင် တည်ဆောက်ထားသည့်ကွန်ကရစ်တမံ (RCC Dam) အမျိုးအစားဖြစ်ပြီး ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ကာ တပ်ဆင်စက်အင်အား စုစုပေါင်း ၁၄၀ မဂ္ဂါဝပ်ဖြင့် နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၄၅၄ သန်းကို ထုတ်လုပ်လျက်ရှိပြီး မဟာဓာတ်အားလိုင်းမှတစ်ဆင့် မြန်မာတစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည်။

၂၀၂၄ ခုနှစ် စက်တင်ဘာတွင် ဖြစ်ပွားခဲ့သည့် ရာဂီမုန်တိုင်းကြောင့် အထက်ပေါင်းလောင်းရေလှောင်ကန်အတွင်း ရေအဆမတန် ဝင်ရောက်ခဲ့ခြင်း၊ တမံ၏ ရေပိုလွှဲမှတစ်ဆင့် ရေပမာဏများပြားစွာ ရေကျော်ကျပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်း၊ တောင်ကျရေနှင့်အတူ သစ်လုံး၊ သစ်တုံးကြီးများ၊ သဲနုန်း၊ ရွှံ့နွံများ များပြားစွာ မျောပါလာခဲ့ခြင်း၊ စက်ရုံအတွင်း ရေဝင်ရောက်မှုဖြစ်ပွားခဲ့ခြင်း၊ ရေလမ်းကြောင်း ပြောင်းလဲမှုကြောင့် စက်ရုံအောက်ဘက်မြစ်ကြောင်း တစ်လျှောက်ဝဲ၊ ယာ ကမ်းပါးများ ရေတိုက်စားခံခဲ့ရသဖြင့် စက်ရုံအဝင် ကွန်ကရစ်လမ်းနှင့် ဝန်ထမ်းအိမ်ရာလမ်းများ ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ သဘာဝဘေးဖြစ်ပွားမှုကြောင့် မြို့ပြတည်ဆောက်မှုဆိုင်ရာ လုပ်ငန်းများအတွက် ငွေကျပ်ဘီလီယံ ၂၀ ကျော်ခန့် ပျက်စီးဆုံးရှုံးခဲ့သည့်အပြင် နိုင်ငံတော်အတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုသည်လည်း အချိန်အတိုင်းအတာ တစ်ခုအထိ လျော့နည်းကျဆင်းခဲ့သည်။

စက်ရုံအတွင်း ဝင်ရောက်နေသော သဲနုန်းများကို ဖယ်ရှားရှင်းလင်းခြင်း၊ ဝဲ၊ ယာရှိ ကမ်းပါးများ ပြိုကျမှုကြောင့် မြစ်ကြောင်းအတွင်း ကြမ်းပြင်မြင့်တက်ခဲ့သဖြင့် သဲနုန်းများ ဖယ်ရှားရှင်းလင်းခြင်း၊ တောင်ပြို၊ မြေပြို၊ မြစ်ကမ်းပါးပြိုကျမှုမှ ကာကွယ်နိုင်ရန်နှင့် စက်ရုံအဝင်လမ်းဘေးတွင် ရေတိုက်စားမှုမှ ကာကွယ်ရန်တို့အတွက် ကျောက်ဖြည့်သံခြင်းများချ၍ မြေ၊ ရေကာနံရံတည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို စက်၊ ယာဉ်ယန္တရားများနှင့် လူအင်အားအပြည့်ဖြင့် နေ့ရောညပါ ခက်ခက်ခဲခဲ ဆောင်ရွက်ခဲ့ရာ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၂၆ ခုနှစ် မတ်လတွင် ဆောင်ရွက်ပြီးစီးခဲ့သည်။

ထို့ပြင် အထက်ပေါင်းလောင်းရေလှောင်တမံအတွင်းမှ သဲနုန်းများ ဖယ်ရှားရှင်းလင်းရန်၊ သဲနုန်းထပ်မံဝင်ရောက်မှုမှ ကာကွယ်ရန်နှင့် သဘာဝဘေးကြိုတင်ကာကွယ်တားဆီးရေး အစီအမံများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ သတင်းစဉ်

### ပေါင်းလောင်းမြစ်ကမ်းတစ်လျှောက် ရေတိုက်စားမှုမှ ကာကွယ်ရန် ကျောက်ဖြည့်သံခြင်း (Gablon Wall) ကာရံခြင်း



# ဘဝနတ်ထံပျံလွန်တော်မူသွားသော မိုးကောင်းတိုက်၊ ဇယဝတီကျောင်း ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တသုဇနာဘိဝံသ မဟာထေရ်မြတ်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က နဝကမ္မဝတ္ထုငွေကျပ် သိန်း ၂၅၀ ဆက်ကပ်လှူဒါန်း





**မန္တလေး ဇူလိုင် ၂၃**

ဘဝနတ်ထံပျံလွန်တော်မူသွားသော မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ မိုးကောင်းတိုက် ဇယဝတီကျောင်း ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တသုဇနာဘိဝံသ သက်တော် (၉၀)နှစ် သိက္ခာတော် (၇၀)ဝါရှိ မဟာထေရ်မြတ်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ သွားရောက်ဖူးမြော်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အန္တိမအဂ္ဂိဈာပန အခမ်းအနားကျင်းပရေးကော်မတီ သြဝါဒါစရိယဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီးများထံမှ အန္တိမအဂ္ဂိဈာပန အခမ်းအနားနှင့် စပ်လျဉ်း၍ သြဝါဒများခံယူပြီးနောက် ပဥ္စင်းသံဃာတော်အပါး ၂၅၀ ပါးအတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် နဝကမ္မဝတ္ထု ငွေကျပ် သိန်း ၂၅၀ ကို ဆက်ကပ်လှူဒါန်းခဲ့ပြီးနောက် တာဝန်ရှိသူများအား လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ငှင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မဟာမုနိဘုရားကြီးသို့ သွားရောက်ပြီး မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀

၀-၀-၀-၀

၀-၀-၀-၀-၀

## အိမ်ခြံဝင်းတွင် စိုက်ပျိုးရန်အတွက် စိုက်ပျိုးရေးမျိုးစေ့များ ပေးအပ် စိုက်နည်းစနစ်များနှင့် အကျိုးကျေးဇူးများ ဆွေးနွေး

**ဒက္ခိဏသီရိ ဇူလိုင် ၂၃**

ပြည်သူများ အိမ်ခြံဝင်းအတွင်း ဟင်းသီးဟင်းရွက်များ စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်စေရန်နှင့် မိသားစုအသုံးစရိတ် လျှော့ချရန် ရည်ရွယ်၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဆည်စုကျေးရွာ၌ အိမ်ခြံဝင်း(Home Gardening) စိုက်ပျိုးရန် ဟင်းသီးဟင်းရွက်မျိုးစေ့များ ပေးအပ်ခြင်းနှင့် စိုက်ပျိုးရေးနည်းစနစ်များ၊ အကျိုးကျေးဇူးများ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က အဆိုပါကျေးရွာမွှာရုံ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက အိမ်ခြံဝင်းအတွင်း မြေနေရာလွတ်များကို ထိရောက်စွာ အသုံးချ၍ မိသားစုတစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်းဖြင့် ဓာတုကင်းလွတ်သော ဘေးအန္တရာယ်ကင်း ဟင်းသီးဟင်းရွက်များကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ မိသားစုနေ့စဉ် စားသောက်စရိတ်ကို အတိုင်းအတာတစ်ခုအထိ လျှော့ချပေးနိုင်သည့်အပြင် ပိုလျှံပါက မိသားစုအပိုဝင်ငွေ ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး စိုက်ပျိုးရေးနည်းလမ်းများနှင့် အကျိုးကျေးဇူးများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တာဝန်ရှိသူများက ဆည်စုကျေးရွာရှိ ဒေသခံတောင်သူများနှင့် အိမ်ရှင်မများထံ သီးနှံမျိုးစုံပါဝင်သော ဟင်းသီးဟင်းရွက် မျိုးစေ့ထုပ်များကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြပြီး တက်ရောက်လာကြသည့် ကျေးရွာပြည်သူများ၏ စိုက်ပျိုးရေးဆိုင်ရာ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သျှင်ဦးမောင်(ဒက္ခိဏ)**

၀-၀-၀-၀

၀-၀-၀-၀-၀


*** ရှေ့ဖုံးမှ**

လာနိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

၀-၀-၀-၀

## ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



နေပြည်တော် ဇူလိုင် ၂၃

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ပိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော်(အထီး)ကလေး တစ်စီးအား ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့် ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာသြဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင်ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင် လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် လေးနှစ်သားအရွယ်တွင် အရပ်အမြင့် ၅ ပေ ၆ လက်မ၊ ကိုယ်လုံး လုံးပတ် ၈ ပေ ၂ လက်မ၊ ကိုယ်အလေးချိန် ၁၇၇၅ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇူလိုင် ၂၃
နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ကရင်ပြည်နယ်အတွင်း စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့၌ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ တိုင်းရင်းသားရိုးရာ အကအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

အလားတူ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲများကို သက်ဆိုင်ရာတပ်နယ်များ၌ အသီးသီးကျင်းပပြုလုပ်ကြရာ တပ်နယ်အသီးသီးမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် မိုးဖြဲရေလှောင်တမံနှင့် ဝန်ထမ်းအိမ်ရာစခန်းဝင်း ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၃
၂၀၂၃ ခုနှစ်အတွင်း အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများကြောင့် ရေကြီးရေလျှံမှု ထိန်းသိမ်းရေး၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး၊ စိုက်ပျိုးရေးနှင့် ရေကြောင်းခရီးသွားလာရေး လုပ်ငန်းတို့အတွက် အလွန်အရေးပါသည့် မိုးဖြဲရေလှောင်တမံ ပျက်စီးဆုံးရှုံးမှုများ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှ စတင်၍ ဆောင်ရွက်လျက်ရှိပြီး ပျက်စီးခဲ့သည့် အဆောက်အအုံများ၊ တမံနှင့်ဆက်စပ်ရေအား အဆောက်အအုံများကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



မိုးဖြဲရေလှောင်တမံနှင့် ဆက်စပ်အဆောက်အအုံများ တည်နေရာပြပုံ။

အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများကြောင့် တမံအောက်ဘက် မိုးဖြဲထိန်းသိမ်းရေး စခန်းရှိ ဧည့်ရိပ်သာ၊ ရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာနှင့် စတိုဂိုဒေါင်များအပါအဝင် အဆောက်အအုံ ၄၄ လုံး ဖျက်ဆီးခံခဲ့ရပြီး ဌာနပိုင်မော်တော်ယာဉ် (TE) တစ်စီးလည်း မီးရှို့ဖျက်ဆီးခံခဲ့ရကာ စတိုဂိုဒေါင်အတွင်းရှိ ထရန်စဖော်မာများနှင့် စက်ပစ္စည်းများလည်း ဖျက်ဆီးခံခဲ့ရသည်။

ထို့အပြင် ရေပိုလွှဲထိန်းချုပ်ခန်း အဆောက်အအုံနှင့် ထိန်းချုပ်ရေးစခန်းများ၊ ရေယာဉ်သွားလမ်း ထိန်းချုပ်ခန်းအဆောက်အအုံနှင့် ထိန်းချုပ်ရေးစခန်းများ၊ ၁၀၈ ကေဗွီအေ မီးစက်တစ်လုံး၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများ၊ ရေပေးဝေရေးအဆောက်အအုံနှင့် ရေစက်ပစ္စည်းများလည်း ဖျက်ဆီးခံခဲ့ရသည်။ ထို့အတွက် ရေပိုလွှဲတံခါးများကို အလိုအလျောက် လျင်မြန်စွာဖွင့်ပိတ်၍ မရခြင်းကြောင့် တမံရေထိန်းညှိထုတ်လွှတ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာခြင်းနှင့် ရေယာဉ်သွားလမ်းတံခါးများ အဖွင့်အပိတ် ပြုလုပ်၍ မရခြင်းကြောင့် အများပြည်သူများ ရေကြောင်းခရီးသွားလာမှုအပေါ် ထိခိုက်ခဲ့ရပြီး မိုးဖြဲရေလှောင်တမံနှင့် စခန်းတစ်ခုလုံးတွင် အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများ၏ ဖျက်ဆီးခဲ့မှုများကြောင့် နိုင်ငံတော်မငွေကျပ် ၁၀ ဘီလီယံခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်။

နယ်မြေလုံခြုံရေးအခြေအနေများ ကောင်းမွန်ပြီး ၂၀၂၅ ခုနှစ် ဇူလိုင် ၂၇ ရက်မှသာ ဌာနဝန်ထမ်းများသည် မိုးဖြဲရေလှောင်တမံသို့ ပြန်လည်ဝင်ရောက်နိုင်ခဲ့ပြီး ရေလှောင်တမံ ဧရိယာဝန်းကျင်တွင် မိုင်းအန္တရာယ်ရှင်းလင်းခြင်းကို နယ်မြေခံတပ်မဌာနချုပ်နှင့် ဌာနဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်၍ တမံပတ်ဝန်းကျင်နှင့် အဆောက်အအုံပတ်ဝန်းကျင် သစ်ပင်ချုံနွယ်များ ရှင်းလင်းခြင်းတို့ကိုလည်း ဌာနပိုင်စက်/ယာဉ်ယန္တရား သုံးစီးဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့ကာ အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများ၏ ဖျက်ဆီးခဲ့မှုများအပေါ် ပြန်လည်ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

မိုးဖြဲ ရေလှောင်တမံသည် ရှမ်းပြည်နယ်(တောင်ပိုင်း)ဖယ်ခုံမြို့၏ အရှေ့တောင်ဘက် ၈ ဒသမ ၅ မိုင်ခန့်အကွာ ဘီလူးချောင်းပေါ်တွင် တည်ရှိပြီး တမံအလျားပေ ၈၀၀၀ နှင့် အမြင့် ပေ ၆၀ ရှိသည့် မြေသားတမံအမျိုးအစားဖြစ်၍ ရေပိုလွှဲတံခါးပေါက် လေးခုနှင့် ရေယာဉ်သွားလမ်း (Navigation Lock Gate) တစ်ခုပါရှိကာ မိုးဖြဲရေလှောင်တမံကိုနိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် ၁၉၆၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၇၀ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

မိုးဖြဲ ရေလှောင်တမံသည် ဘီလူးချောင်းအမှတ် (၁၊ ၂၊ ၃) ရေအားလျှပ်စစ်စက်ရုံများ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောရေပမာဏနှင့် တမံအောက်ဘက်ရှိ ဆည်ရေသောက်ဧရိယာ ဧက ၂၀၀၀၀ အတွက် စုစုပေါင်းရေပမာဏ ဧကပေ ၆၈၇၀၀၀ ကိုသိုလှောင်ထိန်းညှိထုတ်လွှတ်ပေးလျက်ရှိသည်။

ထို့အပြင် မိုးဖြဲရေလှောင်တမံသည် ရေယာဉ်သွားလမ်းထည့်သွင်းတည်ဆောက်ထားသည့်အတွက် ရေကြောင်းခရီးသွားလာမှုအပေါ် အထောက်အကူပြုလျက်ရှိပြီး တမံအထက်ဘက်ရှိ အင်းလေးကန်၏ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့နည်းသက်သာစေရေးအတွက် လည်းကောင်း၊ တမံအောက်ဘက်ဒေသများတွင် ရေကြီးရေလျှံမှုထိန်းသိမ်းလျော့ချနိုင်ရေးတို့အတွက်လည်းကောင်း တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းပေးလျက်ရှိသည့် ဘက်စုံရေလှောင်တမံကြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**မိုးဖြဲရေလှောင်တမံနှင့်ဝန်ထမ်းအိမ်ရာစခန်းဝင်း ပြင်ဆင်ဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ**



တမံအပေါ် ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေကို တွေ့ရစဉ်။



ဝန်ထမ်းအိမ်ရာ အဆောက်အအုံပတ်ဝန်းကျင် ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေကို တွေ့ရစဉ်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့ အသိပေးခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့် စပ်လျဉ်းသည့် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း **မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ ၃၀** အရ ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့များရှိ ကော်မရှင်ရုံးခွဲများသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ အောက်ပါအချက်များ (အားလုံး) ပြည့်စုံစွာ ဖော်ပြတိုင်ကြားနိုင်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၃။ ကော်မရှင်သည် တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ စိစစ်ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့် အရေးကော်မရှင် ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသော အမှုများမှအပ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## သရက်မြို့၌ လျှပ်စစ်အန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ



**သရက် ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ခရိုင်၊ မြို့ နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ် အသိပညာပေး လက်ကမ်းစာ စောင်များ ဖြန့်ဝေခြင်းကို ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီက စည်ပင်သာယာဈေးကြီးရှေ့၌ ဆောင်ရွက်ခဲ့သည်။ (ဝဲပုံ)

အဆိုပါ လုပ်ငန်းများဆောင် ရွက်ရာတွင် ခရိုင်၊ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများ က လျှပ်စစ်အန္တရာယ် အသိပညာ ပေး လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် မိသားစုလျှပ်စစ် အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ် အန္တရာယ်ကင်းရှင်းရန်၊ ဓာတ် အားလိုင်းကြိုးများပေါ်သို့ သစ်ပင် များ၊ သစ်ကိုင်းများ ကျိုးကျနေ ခြင်း၊ ဆားဗစ်ကြိုးများ လျော့ကျ နေခြင်း၊ ပြတ်ကျခြင်းများဖြစ်ပါ က ကိုင်တွယ်ခြင်းမပြုရ၊ လျှပ်စစ် ရုံးသို့ အကြောင်းကြားပေးရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် လျှပ်စစ်ပစ္စည်းများ ကိုင်တွယ် အသုံးပြုရာတွင် အိမ်သုံးလျှပ်စစ် ပစ္စည်းများအား ရေစိုလက်၊ ရေစို နေသောခန္ဓာကိုယ်၊ ရေစိုအဝတ် အစားဝတ်လျက် ကိုင်တွယ်ခြင်း မပြုရန်နှင့် တမံတလင်း၊ မြေပြင် ပေါ်၌ ခြောက်သွေ့သော ဖိနပ် စီးထားခြင်းမရှိဘဲ ကိုင်တွယ်အသုံး မပြုရန်တို့ ပါရှိသော လက်ကမ်း စာစောင်များအား ဈေးရောင်း၊ ဈေးဝယ်ပြည်သူများကို ဖြန့်ဝေ ပေးခဲ့ကြောင်း သိရသည်။

**စော်ထက်(သရက်)**



## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၃**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေး မှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေး ဝါးသုံးစွဲမှုပပျောက်ရေးအသင်း (ဗဟို) (AEDA-Mdy)တို့ ပူးပေါင်းကျင်းပသည့် မူးယစ် ဆေးဝါးအန္တရာယ်ကြိုတင်ကာ ကွယ်ရေးအသိပညာပေးဟောပြောပွဲ ကို ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီတွင် ပြည်ကြီးတံခွန်မြို့နယ် သူရသီဟကိုယ်ပိုင်အထက်တန်း ကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းတာဝန်ခံ ဆရာကြီး ဦးညွန့်ဝေက အမှာ စကားပြောကြားပြီး မူးယစ်သမိုင်း ကြောင်းကို တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက ပြောကြားသည်။

ဆက်လက်၍ အရက်၊ ကွမ်း၊ ဆေးဥပဒေမူးယစ်ဆေး ဝါးဆိုးကျိုးအန္တရာယ်ကြောင်းကို အတွင်းရေးမှူး ဦးမြင့်သန်းက ဟောပြောသည်။ ဒေါ်သင်းသင်း ဦးက တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများ အား မေးခွန်းမေးမြန်းပြီး ဖြေဆို သည့် ကျောင်းသား၊ ကျောင်းသူ များအား ဆုချီးမြှင့်သည်။ မူးယစ် ဆေးဝါးမသုံးစွဲရေးအတွက် သန္နိ ဋ္ဌာန်ရွတ်ဆိုကြသည်။ အသိ ပညာပေးဟောပြောပွဲသို့ ကျောင်း သား၊ ကျောင်းသူဦးရေ ၁၇၅ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (ဝ၇ဝ)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇူလိုင် ၂၃**

ရှမ်းပြည်နယ်နှင့် ပဲခူး တိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့ ၌ လောင်းကစားပြုလုပ်သူများ အား ဖမ်းဆီးအရေးယူထား ကြောင်း သိရသည်။ **(ယာပုံ)**



ဖြစ်စဉ်မှာ ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ အောင်သပြေရပ် ကွက်နေ ဒေါ်မြမြဝေ(ခ)ဒေါ်မြဝေ (၆၃)နှစ်ဆိုသူ၏ နေအိမ်၌ ဖဲရိုက် လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ တောင်ကြီးခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဒေါ်မြ မြဝေ(ခ)မြဝေဆိုသူအား ၎င်း၏ နေအိမ်၌ တစ်ရပ်ကွက်တည်းနေ ဒေါ်ဇင်မာငြိမ်း(၃၄)နှစ်၊ ဒေါ်တင် တင်ခိုင်(၆၂)နှစ်၊ ဒေါ်မာမာဝင်း (၅၈)နှစ်ဆိုသူတို့နှင့်အတူ ဖဲရိုက် လောင်းကစားရာတွင် အသုံးပြု သည့် ဆက်စပ်ပစ္စည်းများ၊ လောင်း ကြေးငွေများနှင့်အတူ တွေ့ရှိဖမ်း ဆီးရမိခဲ့သဖြင့် ဒေါ်မြမြဝေ(ပါ-၄ ဦး) ဆိုသူအား ရွှေညောင်မြေ ရဲစခန်းမှ လောင်းကစားဥပဒေဖြင့် လည်းကောင်း။

အလားတူ ညနေ ၆ နာရီ ၁၅ မိနစ်တွင် ပဲခူးတိုင်းဒေသ ကြီး၊ တောင်ငူမြို့နယ်၊ အမှတ်(၆) ရပ်ကွက်၊ တပင်ရွှေထီးလမ်းနေ ဦးသိန်းလွင်(ခ)ဦးဒူးရှည်(၆၄)နှစ် ဆိုသူ၏ နေအိမ်၌ လောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ တောင်ငူခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့ က သက်သေများနှင့်အတူ သွား ရောက်စစ်ဆေးခဲ့ရာ ဦးသိန်းလွင် (ခ)ဦးဒူးရှည်ဆိုသူနှင့်အတူ တစ် ရပ်ကွက်တည်းနေ သဲမောင်(၄၈) နှစ်ဆိုသူ၊ အမှတ်(၂)ရပ်ကွက်နေ သူများဖြစ်သည့် စိုးမင်းလတ်(ခ) စိုးလေး(၄၈)နှစ်၊ မြင့်အောင်(၆၉) နှစ်၊ ရန်နိုင်ဦး(၃၂)နှစ်၊ စိုင်းမောင် (၂၅)နှစ်၊ ဒေါ်အေးအေးဝင်း(ခ) အေးကြီး(၅၂)နှစ်၊ ဒေါ်မြင့်မြင့် နွယ်(ခ)မတူး(၅၅)နှစ်၊ မခင် ကျော့ကျော့(ခ)ကျော့ကျော့(၂၉) နှစ်ဆိုသူ၊ အမှတ်(၁၈)ရပ်ကွက် နေသူများဖြစ်သည့် မြင့်ဆွေ(၅၆) နှစ်၊ လှဦး(၅၅)နှစ်၊ မောင်ဆက် (၄၃)နှစ်၊ ဒေါ်ယုယုမွန်(ခ)မယု (၃၉)နှစ်၊ အမှတ်(၁၁)ရပ်ကွက် နေ ဝင်းဆွေ(၆၈)နှစ်ဆိုသူနှင့် ကံရိုးကျေးရွာနေ ကျော်နိုင်ထွန်း (၄၉)နှစ်၊ နှစ်ဆောင်ပြိုင်ကျေးရွာ နေ ဒေါ်နီလာမြင့်(ခ)မနီလာ(၄၈) နှစ်၊ အမှတ်(၁၃)ရပ်ကွက်နေ ခင်သန်းနု(၆၃)နှစ်ဆိုသူ ၁၇ ဦး တို့အား ဖဲရိုက်လောင်းကစားရာ တွင် အသုံးပြုသည့် ဆက်စပ် ပစ္စည်းများ၊ လေးကောင်ဂျင် လောင်းကစားရာတွင် အသုံးပြု သည့် ဆက်စပ်ပစ္စည်းများ၊ လက် ကိုင်ဖုန်းမျိုးစုံ ၁၂ လုံး၊ ဆိုင်ကယ် မျိုးစုံ ၁၃ စီး၊ မော်တော်ယာဉ် နှစ်စီး၊ လောင်းကြေးငွေကျပ် ၂၀,၂၅၇,၀၀၀ တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် သိန်းလွင် (ခ)ဒူးရှည်ပါ ဆိုသူ ၁၇ ဦးတို့ အား တောင်ငူမြို့နယ်၊ အမှတ်(၂) နယ်မြေရဲစခန်းမှ လောင်းကစား ဥပဒေဖြင့် အမှုဖွင့်အရေးယူထား ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## နေအိမ် မီးလောင်မှုဖြစ်ပွား

**မြစ်ကြီးနား ဇူလိုင် ၂၃**

ကချင်ပြည်နယ်၊ မြစ်ကြီးနား မြို့နယ်၊ တပ်ကုန်းရပ်ကွက်၌ ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်ခန့်က (၂၄×၁၈) ပေ၊ သွပ်မိုး၊ ထရံကာ၊ အုတ်ညှပ် နှစ် ထပ်နေအိမ်၏ အပေါ်ထပ်တွင် ခြင်ဆေးခွေထွန်းထားရာမှတစ်ဆင့် အနီးရှိ အဝတ်အစားပုံးပေါ်သို့ မီး ကူးစက်လောင်ကျွမ်းမှုဖြစ်ပွား ကြောင်း သတင်းရရှိသဖြင့် မြစ် ကြီးနားခရိုင် မီးသတ်ဦးစီးမှူးရုံးနှင့် မြစ်ကြီးနားမြို့နယ် မီးသတ်စခန်း များမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်း သတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်ခန့်တွင် မီးငြိမ်းခဲ့သည်။



အဆိုပါ မီးလောင်မှုကြောင့် (၂၄×၁၈)ပေ၊ သွပ်မိုး၊ ထရံကာ၊ အုတ်ညှပ်နှစ်ထပ်နေအိမ်၏ အပေါ် ထပ် မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် အိမ်ပိုင်ရှင်အား မြစ်ကြီးနားနယ်မြေ ရဲစခန်းမှ အမှုဖွင့်အရေးယူထား ကြောင်း သိရသည်။ (ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**တောင်တွင်းကြီး ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၌ ယာဉ် တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရ သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၇ ရက် မွန်းလွဲ ၃ နာရီခွဲတွင် မကွေးတိုင်း ဒေသကြီး၊ တောင်တွင်းကြီးမြို့ နယ်၊ တောင်တွင်းကြီး-မကွေး သွားကားလမ်း၊ ရန်ပယ်အား ကစားကွင်းအနီး၌ ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ တောင်တွင်းကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများ နှင့်အတူ သွားရောက်စစ်ဆေးခဲ့ ရာ အဆိုပါလမ်းအတိုင်း တောင် တွင်းကြီးမြို့နယ်၊ ရွှေအိုး(၁)ရပ် ကွက်နေ ဒေါ်ဖြိုးဖြိုးဝေ(၄၈)နှစ် ဆိုသူ မောင်းနှင်လာသည့် HON-DA FIT မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ လမ်း ၏ ဝဲဘက်သို့ ရုတ်တရက် ချိုး ကွေ့စဉ် လားရာတူလမ်းအတိုင်း တောင်တွင်းကြီးမြို့နယ်၊ သဖန်း ကုန်းကျေးရွာနေ အောင်ဖြိုး ကျော်(၁၆)နှစ်ဆိုသူ မောင်းနှင်ပြီး တစ်ရွာတည်းနေ အောင်သက်ပိုင် (၁၆)နှစ်ဆိုသူ လိုက်ပါလာသည့် ဆိုင်ကယ်က အရှိန်မထိန်းနိုင်ဘဲ နောက်မှ ဝင်ရောက်တိုက်မိခဲ့ သဖြင့် အောင်ဖြိုးကျော်နှင့် အောင် သက်ပိုင် ဆိုသူတို့တွင် ထိခိုက် ဒဏ်ရာများ အသီးသီး ရရှိခဲ့သော ကြောင့် ယာဉ်အားမဆင်မခြင် မောင်းနှင်သူ ဖြိုးဖြိုးဝေနှင့်အောင် ဖြိုးကျော် ဆိုသူနှစ်ဦးတို့အား တောင်တွင်းကြီးမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်း နန်းခွင်-ဟိုပင်ဘူတာအကြား မြန်မာ့မီးရထားပိုင် ရထားသံလမ်းထိန်းကလစ်များခိုးယူဖျက်ဆီးမှုကြောင့် ရထားလမ်းလုံခြုံရေး ကင်းလှည့်ရထားလမ်းချော်ကျမှုဖြစ်ပွား




လမ်းချော်ကျမှုဖြစ်ပွားသည့် လုံခြုံရေးကင်းလှည့်ရထားအား ပြန်လည်မတင်နေပုံ။

**မန္တလေး ဇူလိုင် ၂၃**

ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁၂ နာရီ ၃၇ မိနစ်တွင် မြစ်ကြီးနား-မိုးညှင်းလမ်းပိုင်း ဟိုပင်မြို့နယ် နန်းခွင်ဘူတာမှထွက်ခွာလာသော ရထားလမ်းလုံခြုံရေးကင်းလှည့်ရထားသည် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် နန်းခွင်နှင့် ဟိုပင်ဘူတာအကြား မိုင်တိုင်၊ ၆၅၄/၂ နှင့် ၁ ကြားသို့ ရောက်ရှိစဉ် ရထားစက်ခေါင်းနှင့်အတူ တွဲ(၂)တွဲ လမ်းချော်ကျမှုဖြစ်ပွားခဲ့သဖြင့် နန်းခွင်-ဟိုပင်လမ်းပိုင်းအား ယာယီပိတ်ထားခဲ့ရသည်။

ဖြစ်ပွားရာနေရာသို့ မြန်မာ့မီးရထားမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ အခင်းဖြစ်ပွားရာနေရာ၌ သံလမ်း(၃)ဆက်ပေ ၁၂၀ ခန့်နှင့် ၎င်းနေရာအနီးရှိ မိုင်တိုင်အမှတ် ၆၅၃/၁၈-၂၀ ကြားနေရာ၌ သံလမ်း(၃)ဆက်ပေ ၁၂၀ ခန့် စုစုပေါင်းပေ ၂၄၀ ခန့်အတွင်း သံလမ်းထိန်းကလစ် ၄၀၈ ခုဖြုတ်ယူထားကြောင်း စစ်ဆေးတွေ့ရှိရပြီး သံလမ်းထိန်းကလစ်များ ဖြုတ်ယူခံရမှုကြောင့် ယခုကဲ့သို့ မတော်တဆမှုဖြစ်ပွားခဲ့ရခြင်းဖြစ်ကာ လမ်းချော်ကျသော စက်ခေါင်းနှင့်တွဲများ 'မ'တင်ခြင်းနှင့် ရထားလမ်းပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးပြုပြင် ဆောင်ရွက်ခဲ့သည့်အတွက် ဇူလိုင် ၂၃ ရက် ညနေပိုင်းတွင် ရထားလမ်းပိုင်း ပြန်လည်ဖွင့်လှစ်နိုင်ကြောင်း သိရသည်။

### လိုအပ်

အဆိုပါလုပ်ရပ်သည် ရထားစီးခရီးသွားပြည်သူများကို ထိခိုက်သေဆုံးနိုင်ပြီး ပျက်စီးဆုံးရှုံးမှုကြီးမားစွာကြုံတွေ့ရနိုင်သည့် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော လုပ်ရပ်တစ်ခု ဖြစ်သောကြောင့် ပြည်သူများအနေဖြင့် မသမာသူများ၏လုပ်ရပ်အား တွေ့ရှိပါက ရထား မတော်တဆမှုများကာကွယ်နိုင်ရန်သက်ဆိုင်ရာသို့ အချိန်မီအကြောင်းကြားသွားရန် လိုအပ်သည်။

ထို့ပြင် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေး လုပ်ငန်း ဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ဂ) အရ ရထားလမ်းရှိ ဇလီဖားတုံး၊ ရထားလမ်းနှင့်သက်ဆိုင်သည့် မည်သည့် ဆက်စပ်နေသော အရာဝတ္ထုကိုမဆို ဆွဲထုတ်ဖယ်ရှားခြင်း၊ ဖြေလျှော့ခြင်း၊ ရွှေ့ပြောင်းခြင်း (သို့မဟုတ်) ဖျက်ဆီးခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄) အရ ထိုသူကို အနည်းဆုံး ၅ နှစ်မှ နှစ် ၂၀ မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်း ချမှတ်နိုင်ကြောင်း သိရသည်။

ယခုရထားသံလမ်းထိန်းကလစ်များပျောက်ဆုံးမှုနှင့်ပတ်သက်၍ အမှုမှန်ဖော်ထုတ်နိုင်ရေး ဟိုပင်မြို့နယ်ရဲစခန်းတွင် အမှုဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ထုတ်ရရှိပါက ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေနှင့် အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

သတင်းစဉ်



## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခရိုင်နှင့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဆွေးနွေး

**မန္တလေး ဇူလိုင် ၂၃**

မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် ခရိုင်၊ မြို့နယ်လျှပ်စစ်မန်နေဂျာများနှင့် တွေ့ဆုံ၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဆိုင်ရာများ တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၂၆လမ်းနှင့် ၇၈ လမ်းထောင့်ရှိ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ရပ်၊ ပျက်၊ နေး မီတာကိစ္စရပ်များ၊ မီတာအသစ်တပ်ဆင်ခြင်းနှင့် ထရန်စဖော်မာ လျှောက်ထားမှုဆိုင်ရာကိစ္စရပ်များ၊ ဓာတ်အားခအကြွေးကျန်များ စနစ်တကျကောက်ခံရေးဆိုင်ရာကိစ္စရပ်များ၊ ဓာတ်အားပျောက်ဆုံးမှု (Losses) နည်းပါးစေရေး၊ တရားမဝင် ဓာတ်အားသုံးစွဲမှုများ တားဆီးစစ်ဆေးရေးနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဆိုင်ရာများကို ခရိုင်များမှ မြို့နယ်အလိုက် လျှပ်စစ်မန်နေဂျာများက Power Point များဖြင့် အသေးစိတ်တင်ပြကြသည်။

ထို့နောက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်)မှ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

(၀၄၅)

## ကလေးနှင့်မန္တလေးတို့တွင် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၅ သိန်းကျော် သိမ်းဆည်းရမိ



တရားခံ အောင်အောင်ထွန်း(ခ)အောင်ကြီး၊ ထောင်းရှင်းခိုင်၊ မကျင်းဆန်းညောင်(ခ)မဉာဏ် (ခ)စန်းစန်း (ခ)မညောင်နှင့် လှိုင်သလွန်း(ခ)ပါးတွောင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၂၃**

ကလေးနှင့် မန္တလေးတို့တွင် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၅ သိန်းကျော် သိမ်းဆည်းရမိပြီးတရားခံများကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေး အတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇူလိုင် ၁၃ ရက် ညနေ ၄ နာရီခွဲတွင် ကလေးမြို့ အဝင်တွင် အောင်အောင်ထွန်း (ခ) အောင်ကြီး မောင်းနှင်လာသည့် SURF အမျိုးအစား မော်တော်ယာဉ်အားရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၆ သိန်း (၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၅ ဘီလီယံ) ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ ဇူလိုင် ၁၄ ရက်တွင် ကလေးမြို့ တာဟန်းရပ်ကွက်၌ အဆိုပါစိတ်ကြွဆေးပြားများအား လက်ခံယူရန် ချိတ်ဆက်စောင့်ဆိုင်းနေသည့် ထောင်းရှင်းခိုင်အား PRADO အမျိုးအစား ယာဉ်တစ်စီးနှင့် လည်းကောင်း၊ မကျင်းဆန်းညောင်(ခ) မဉာဏ်(ခ) စန်းစန်း(ခ) မညောင်အား ကလေးမြို့ တပ်ဦးသီတာရပ်ကွက်ရှိ နေအိမ်တွင် လည်းကောင်း ဆက်လက် ဖမ်းဆီးခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၇ ရက်နေ့ နံနက် ၃ နာရီတွင် စိတ်ကြွဆေးပြားများအား မန္တလေးမှကလေးသို့ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် ဇော်ဇော်လတ်နှင့် မနွယ်နီလွင်တို့ နှစ်ဦးကို ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၂) ရေချမ်းအိုးရပ်ကွက်ရှိ တည်းခိုခန်းတွင်လည်းကောင်း၊ လှိုင်သလွန်း (ခ)ပါးတွောင်အား ကလေးမြို့ တာဟန်းရပ်ကွက် နယ်မြေ(၁၀) ရှိနေအိမ်၌လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ဖော်ထုတ်ချက်အရ ယင်းနေ့နံနက် ၆ နာရီတွင် ပြည်ကြီးတံခွန်မြို့နယ် (စ) ရပ်ကွက်ရှိနေအိမ်မှ ဇော်ဇော်လတ်နှင့်မနွယ်နီလွင်တို့ သိမ်းဆည်းထားသည့် စိတ်ကြွဆေးပြား ၉ ဒသမ ၆ သိန်း (၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၄၄ ဘီလီယံ) ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် ငွေကျပ် ၂ ဒသမ ၉၄ ဘီလီယံတန်ဖိုးရှိ စုစုပေါင်း စိတ်ကြွဆေးပြား ၁၅ ဒသမ ၆ သိန်းအား ဖမ်းဆီးရမိခဲ့ကာ စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ ထန်လမ့်ကျင့်အား အမရပူရမြို့နယ် ဆောက်တောဝရွာရှိ ဂိုဒေါင်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများအား မန္တလေးမှ ကလေးသို့ အဓိကသယ်ဆောင်ရောင်းဝယ်သူမှာ ကလေးမြို့နယ် ကန်ကြီးရွာနေ မစုမွန်လွင်(ခ) စုလေး(ခ)မစု (ဖမ်းဆီးရန်ကျန်)နှင့် လားရှိုးမြို့ ရပ်ကွက်(၄)နေ အောင်ကျော်ဦး (ဖမ်းဆီးရန်ကျန်)တို့ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့်ဆက်လက် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ဘောလုံးဒိုင်လူကြီးသင်တန်းဖွင့်ပွဲ ကျင်းပ

**တောင်တွင်းကြီး ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၌ ဘောလုံးဒိုင်လူကြီးသင်တန်း ဖွင့်ပွဲကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ်နှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့ နံနက် ၈ နာရီက မြို့နယ်ရန်ပယ် အားကစားကွင်း မိုးလုံလေလုံခန်းမ ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသားများနှင့် တစ်ဦးချင်း နှုတ်ဆက်ခြင်းနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သင်တန်းနည်းပြဆရာတစ်ဦးက နှုတ်ဆက်စကားပြောကြားခဲ့ပြီး တောင်တွင်းကြီးမြို့နယ် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရခြင်း အကြောင်းအရာများကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့သည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၂၀ ရက်မှ ၂၄ ရက်အထိ သင်ကြားပို့ချခဲ့သည်။ ထို့နောက် ၂၀၂၅ ခုနှစ်တွင် ရရှိခဲ့သော သခင်ဖိုးလှကြီးဒိုင်းအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မကွေးမြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ နည်းပြဆရာများ၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**နောင်နောင်(မိသနိုးမြေ)**



# နိုင်ငံတကာ အားကစား သတင်းများ

## ကက်စီမီရို အင်တာမိုင်ယာမီအသင်းတွင် ကျောနံပါတ် (၅)ဂျာစီကို ဝတ်ဆင်ကစားသွားမည်




**လန်ဒန် ဇူလိုင် ၂၃**

ကွင်းလယ်ကစားသမားသစ် ကက်စီမီရိုသည် အင်တာမိုင်ယာမီအသင်းတွင် ကျောနံပါတ် (၅)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် မန်ယူအသင်းနှင့် လမ်းခွဲပြီးနောက် အင်တာမိုင်ယာမီအသင်းသို့ ၂၀၂၇ခုနှစ်အထိစာချုပ်ချုပ်ဆို ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ကက်စီမီရိုသည် မန်ယူအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၁၆၀ကစားပြီး ၂၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အင်တာမိုင်ယာမီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

အသက်(၃၄)နှစ်အရွယ်ရှိ ကက်စီမီရိုက "ကျွန်တော် အင်တာမိုင်ယာမီအသင်းမှာ ကျောနံပါတ် (၅)ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ ဆုဖလားတွေ ရယူသွားမှာပါ"ဟု ပြောသည်။ **(NGB)**

## နည်းပြ ဗန်ဘွန်မဲလ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဘယ်လ်ဂျီယံအသင်း သဘောတူညီမှုရရှိဟု သတင်းများထွက်ပေါ်



**လန်ဒန် ဇူလိုင် ၂၃**

ဘယ်လ်ဂျီယံအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဗန်ဘွန်မဲလ်ကို ခန့်အပ်ရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်း သတင်းများက ထွက်ပေါ်လာခဲ့သည်။

အသက်(၄၉)နှစ်အရွယ်ရှိ နည်းပြသည် ဘယ်လ်ဂျီယံအသင်းနှင့် ၂၀၂၈ခုနှစ်အထိ စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ပြီး မကြာမီရက်ပိုင်းအတွင်း လာရောက်ပူးပေါင်းသွားမည်ဖြစ်ကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

နည်းပြ ဗန်ဘွန်မဲလ်သည် နည်းပြဘဝတစ်လျှောက်တွင် ပီအက်စ်ဗွီ၊ ဝုဖ်ဘတ်၊ အန့်ဝပ်စသည့်အသင်းများကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးလည်းဖြစ်သည်။

ထို့ကြောင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း နည်းပြ ဗန်ဘွန်မဲလ်ကို ဘယ်လ်ဂျီယံအသင်း နည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## ဖိုဒန် မန်စီးတီးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇူလိုင် ၂၃**

မန်စီးတီးအသင်းသည် အသင်းကွင်းလယ်ကစားသမား ဖိုဒန်ကို ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၆၉ပွဲကစားပြီး ဂိုး ၁၁၀ထိ သွင်းယူကာ ခြေစွမ်းပြထားသလို ပရီးမီးယားလိဂ်ဖလား ခြောက်ကြိမ်၊ ချန်ပီယံလိဂ်ဖလားတစ်ကြိမ်၊ အက်ဖ်အေဖလားသုံးကြိမ်၊ လိဂ်ဖလား ငါးကြိမ်၊ ကွန်မြူနတီဒိုင်းနှစ်ကြိမ်၊ ဥရောပစူပါဖလားနှင့် ကလပ်ကမ္ဘာ့ဖလားတစ်ကြိမ်စီတို့ကို ဆွတ်ခူးနိုင်ခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဖိုဒန်က "အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော် အနေနဲ့လည်း အနာဂတ်ကို ရှေးရှုပြီး အောင်မြင်မှုတွေရဖို့ ဆက်လက်ကြိုးစားသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။ **(အောက်ပုံ)** **(NGB)**






## ရိန်းဂျားစ်အသင်းက စိန့်အက်တီယန်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**တူရင် ဇူလိုင် ၂၃**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက စကော့တလန်ကလပ် ရိန်းဂျားစ်အသင်းနှင့် ပြင်သစ်ကလပ် စိန့်အက်တီယန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရိန်းဂျားစ်အသင်းက စိန့်အက်တီယန်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရိန်းဂျားစ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၅မိနစ်တွင် ရှန်ကလန်၊ ပွဲချိန် ၈၅မိနစ်တွင် အာ့စ်ဂါ့ဒ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။ **(အပေါ်ပုံ)**

ရိန်းဂျားစ်အသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဇူလိုင် ၂၆ရက်တွင် ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**

## မီဆာရိုဒရီဂွက်ဇ်ကို အာဆင်နယ်အမျိုးသမီးအသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၂၃**

အာဆင်နယ်အမျိုးသမီးအသင်းသည် ရီးရဲလ်မက်ဒရစ်အမျိုးသမီးအသင်းမှ ထွက်ခွာခဲ့သည့် ဂိုးသမား မီဆာရိုဒရီဂွက်ဇ်ကို ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။




အသက်(၂၇)နှစ်အရွယ်ရှိ ဂိုးသမားသည် အာဆင်နယ်အမျိုးသမီးအသင်းနှင့်အတူ သုံးနှစ်စာချုပ် ချုပ်ဆိုခဲ့ပြီး ကျောနံပါတ် ၁၆ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

ဂိုးသမား မီဆာရိုဒရီဂွက်ဇ်သည် ရီးရဲလ်မက်ဒရစ်အမျိုးသမီးအသင်းနှင့်အတူ ၂၀၂၀မှ ၂၀၂၆ခုနှစ်အထိ ပြိုင်ပွဲစုံ ၁၈၃ပွဲကစားကာ အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

အာဆင်နယ်အမျိုးသမီးအသင်းသည် လာမည့် ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားသစ်များ ထပ်မံခေါ်ယူအားဖြည့်သွားဦးမည်ဖြစ်သည်။ **(NGB)**

## မာတီနက်ဇ် အာဂျင်တီးနားလက်ရွေးစင်ကစားသမားဘဝမှ အနားယူသွားဖွယ်ရှိ

**လန်ဒန် ဇူလိုင် ၂၃**

ဂိုးသမား မာတီနက်ဇ်က မိမိအနေဖြင့် အာဂျင်တီးနားလက်ရွေးစင်အသင်း ကစားသမားဘဝမှ မကြာမီအချိန်အတွင်း အနားယူသွားတော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ ဂိုးသမားသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးနောက် ယခုလို ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ဂိုးသမား မာတီနက်ဇ်သည် အာဂျင်တီးနားလက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၁မှ ၂၀၂၆ခုနှစ်အတွင်း နိုင်ငံတကာပွဲပေါင်း ၆၇ပွဲကစားကာ အကောင်းဆုံးလက်စွမ်းပြထားသည်။

အသက်(၃၃)နှစ်အရွယ်ရှိ မာတီနက်ဇ်က "ကျွန်တော် လက်ရွေးစင်ကစားသမားဘဝမှ အနားယူဖို့ စဉ်းစားနေပါတယ်။ ဒီအသင်းနဲ့ အောင်မြင်မှု ရရှိခဲ့တဲ့ အချိန်တွေကိုတော့ အမြဲအမှတ်ရနေမှာပါ"ဟု ပြောသည်။ **(အောက်ပုံ) (NGB)**




## ဂီလ်ဘာတိုမိုရာကို ခေါ်ယူရန် ဒေါ့မွန်အသင်း စီစဉ်

**မြူးနစ် ဇူလိုင် ၂၃**

ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းသည် မက္ကဆီကိုကလပ် တီဟွာနာအသင်း ကွင်းလယ်ကစားသမား ဂီလ်ဘာတိုမိုရာကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။



အသက်(၁၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် တီဟွာနာအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၃ပွဲကစားပြီး ၁၀ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဒေါ့မွန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တီဟွာနာအသင်းကလည်း ဂီလ်ဘာတိုမိုရာအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေး ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဒေါ့မွန်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် တီဟွာနာအသင်းထံမှ ဂီလ်ဘာတိုမိုရာကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**

## ဘောလုံးသတင်း အတိုအထွာများ

* ဂျူဗင်တပ်အသင်းသည် ဝက်စ်ဟမ်းအသင်းနောက်ခံကစားသမား ဂျင်းကလဲရ်တိုဒီဘိုကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

* ချန်ပီယံရှစ်ကလပ် ကျူပီအာအသင်းသည် ဖီအိုရင်တီးနားအသင်းမှ ထွက်ခွာပြီးနောက် အသင်းလက်မဲ့ဖြစ်နေသော နောက်ခံကစားသမား တာရစ်လမ့်တေးကို ခေါ်ယူခဲ့သည်။ **(NGB)**

## 2026 The Memphis Classic အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဇူလိုင် ၂၇ရက်တွင် စတင်မည်

**ဝါရှင်တန် ဇူလိုင် ၂၃**

အမေရိကန်နိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 The Memphis Classic တင်းနစ်ပြိုင်ပွဲ လာမည့် ဇူလိုင် ၂၇ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 The Memphis Classic တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၂၇ရက်မှ သြဂုတ် ၃ရက်အထိ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 The Memphis Classic တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

2026 The Memphis Classic တင်းနစ်ပြိုင်ပွဲ ချန်ပီယံဖြစ်သောသူသည် ဆုကြေးငွေအဖြစ် အမေရိကန် ဒေါ်လာ ၂၈၃၃၄၇ ရရှိသွားမည်ဖြစ်သည်။ **(အောက်ပုံ) (NGB)**



■ စာမျက်နှာ ၂၄ မှ

သုံးစွဲယူနစ် ကျသင့်ငွေများ အား လာရောက်ပေးဆောင်နေသည့် ဒေသခံပြည်သူများကို နှုတ်ဆက် အားပေးစကားများ ပြောကြား ခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မတ္တရာ မြို့နယ် ဘိုကုန်းကျေးရွာရှိ အခြေခံ ပညာအလယ်တန်းကျောင်း(ခွဲ)သို့ သွားရောက်ပြီး ကျောင်းသား၊ ကျောင်းသူများအား အာဟာရ ဖြည့်စွက်စာအဖြစ် ၎က်ပျောသီး ကျွေးမွေးနိုင်ရန်အတွက် ကျောင်း ဧရိယာအတွင်း ၎က်ပျောပင်များ ကို ကျောင်းသား၊ ကျောင်းသူများ က စိုက်ပျိုးနေမှုများနှင့် အေးချမ်း ပျော်ရွှင်စွာဖြင့် ပညာသင်ယူနေမှု များကို ကြည့်ရှုပြီး ကျောင်းအုပ် ဆရာမကြီးနှင့် တာဝန်ရှိသူများ အား လိုအပ်သည်များကို ပေါင်း စပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက် ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသ ကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီး မြို့နယ်ရှိ ရွှေကျင်ဂိတ်တွင် လူ မျက်နှာမှတ်သားသိရှိမှုစနစ် (Face Recognition System- FRS) များတပ်ဆင်ပြီးစီး၍ လုပ်ငန်း လည်ပတ်နေမှုနှင့်ခရီးသွားပြည်သူ များအား ဖြတ်သန်းသွားလာနေမှု အခြေအနေများကို ကြည့်ရှုစစ် ဆေးပြီး တိုင်းဒေသကြီးဝန်ကြီး ချုပ်က တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့် ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)














# အထက ကျောက်မီး၌ လူငယ်စကားဝိုင်းကျင်းပ

ပုသိမ်ကြီး ဇူလိုင် ၂၃

လူငယ်များ ဘက်စုံဖွံ့ဖြိုး တိုးတက်၍ ဗလငါးတန်နှင့် ပြည့်စုံစေရန်၊ အသိပညာဗဟု သုတရရှိပြီး နိုင်ငံတော်အတွက် အကျိုးပြုနိုင်သော ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွက်လာ စေရန် ရည်ရွယ်၍ ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော လူငယ် စကားဝိုင်းကို ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ အထက ကျောက်မီးအခြေခံပညာအထက် တန်းကျောင်း ပန်းမြိုင်လယ်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာ ကြီး ဦးမောင်မောင်က အဖွင့်အမှာ စကားပြောကြားသည်။ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက လူငယ်စကား ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက် များအား ရှင်းလင်းပြောကြားခဲ့ သည်။

စကားဝိုင်းကို ဆက်လက် ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင် စိမ်းဝင်းက Moderator အဖြစ် ဦးဆောင်ဆွေးနွေးခဲ့ပြီး Grade (10) နှင့် Grade(11)တို့မှ ကျောင်းသား၊ ကျောင်းသူလေး များက လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့် နိုင်ငံတကာဆက်ဆံ ရေး၊ လူငယ်နှင့်ပညာရေး၊ လူ ငယ်နှင့် အလုပ်အကိုင်အခွင့် အလမ်း စသည့် ခေါင်းစဉ်များ ဖြင့် အသီးသီးဆွေးနွေးခဲ့ကြ သည်။ ဆက်လက်၍ ဆွေးနွေး ချက်များအပေါ် တက်ရောက်လာ သော ကျောင်းသား၊ ကျောင်းသူ များက ပြန်လည်ဖြည့်စွက် ဆွေး နွေးခဲ့ကြသည်။

လူငယ်စကားဝိုင်းပြီးနောက် တက်ရောက်လာကြသည့် ကျောင်း သား၊ ကျောင်းသူများက ခန်းမ အတွင်း ခင်းကျင်းပြသထား သော အသိပညာပေး နံရံကပ် စာစောင်တို့အား စိတ်ပါဝင်စား စွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ရွှေရန်ကင်း

# ဓမ္မကထိကသင်တန်း ပို့ချမည်

**မန္တလေး ဇူလိုင် ၂၃**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်၊ တမာတန်းအရှေ့ဘက် မဟာကိုးဆူတိုက် မြသရဖူကျောင်း ဆရာတော် သာသနဟိတရေ ဓမ္မကထိက မိုးကုတ်ဝိပဿနာ ပဋိစ္စသမုပ္ပါဒ် အထူးသင်တန်းကျောင်း(ကျောင်းအုပ်) သာသနဓဇဓမ္မာစရိယ၊ မိုးကုတ်ဝိပဿနာနည်းပြ၊ ကမ္မဋ္ဌာနာစရိယ၊ တိကစ္ဆစေက မဟာဘိသင္ကပဏ္ဍိတ၊ ခေါင်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်၊ဒေါက်တာ အရှင်သုဝဏ္ဏ(ရွှေသုဝဏ်) Ph.D (colombo), Ph.D(UK) ဆရာတော်မှ (၁၄) နှစ်မြောက်အဖြစ် ဓမ္မကထိကသင်တန်းကို ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၆ ရက်၊ ကြာသပတေးနေ့မှစ၍ အပတ်စဉ် ဥပုသ်သီတင်းစဉ်တိုင်း မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပို့ချမည်ဖြစ်သည်။

ဓမ္မကထိက သင်တန်းသို့ တက်ရောက်လိုသည့် သင်တန်းသား သံဃာတော်များအနေဖြင့် ခြင်ထောင်၊ စောင်၊ သပိတ်၊ ယပ်တောင်၊ သင်္ကန်း(အဝါရောင်)၊ ကာလာခေတ်ပုံသုံးပုံတို့ကို တစ်ပါတည်း ယူဆောင်လာရမည်ဖြစ်ကာ ဘဒ္ဒန္တပညာသီရိ ဖုန်း ၀၉-၄၀၂၇၀၄၅၂၀ ထံသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(၀၄၁)**

၀-၀-၀-၀



# ကျောင်းထိုင်ဘုန်းကြီးသင်တန်းဖွင့်ပွဲနှင့် ဩဝါဒခံယူပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၃**

နိုင်ငံတော်သံဃနာယကအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သော ကျောင်းထိုင်ဘုန်းကြီးသင်တန်း အမှတ်စဉ်(၂၀) ဖွင့်ပွဲနှင့် ဩဝါဒခံယူပွဲကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားကို "နမောတဿ" သုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကေသဝက "ဩဝါဒသာရဏီယကထာ"မြွက်ကြား၍ သင်တန်းကျောင်း နာယကအဖွဲ့ဥက္ကဋ္ဌ မြတောင်တိုက်သာယာဝင်းကျောင်းဆရာတော် ဘဒ္ဒန္တသာဂရာဘိဝံသ(နိုင်ငံတော်ဩဝါဒါစရိယ)က သင်တန်းသားသစ် သံဃာတော်များအား ဩဝါဒကထာ မြွက်ကြားသည်။

ထို့နောက် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်မြသိန်း(မြဝတီမိသားစု)နှင့် အဂ္ဂမဟာသီရိသုဓမ္မ ဒေါ်ဌေးဌေးသိန်း (မြသစ္စာသစ်သီးပွဲရုံ)မိသားစုတို့က သင်တန်းသားသံဃာတော် ၆၃ ပါးအား စာရေးကိရိယာများကို တစ်ပါးချင်းစီ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ အခမ်းအနားသို့ သင်တန်းကျောင်း ဥပဋ္ဌာမှုဂကအဖွဲ့က တက်ရောက်ကြည်ညိုကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **PNT**

# နွေစပါးရိတ်သိမ်းမှုအခြေအနေအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**မြစ်သား ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် မြို့နယ်သမဝါယမအသင်းစုငွေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ အသင်းသားတောင်သူတစ်ဦးချင်း ဝင်ငွေတိုးပွားစေရန်နှင့် စားနပ်ရိက္ခာဖူလုံစေရန် ရည်ရွယ်၍ ရွှေလေးကျေးရွာရှိ ရွှေလေးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးကိုကိုမောင်၏ ကွင်းအမှတ်(၅၈၉)၊ ဦးပိုင်အမှတ်(၄၅/၁)ရှိ စိုက်ဧက ၁၀ ဧကတွင် စိုက်ပျိုးထားသည့် နွေစပါးရိတ်သိမ်းမှုအခြေအနေအား ဇူလိုင် ၂၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့သည်။



ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ဆင်းသုခစပါးမျိုး ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စပါးရိတ်သိမ်းနေသည့်အခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ရာ တစ်ဧကလျှင် တင်း ၁၁၀ ပျမ်းမျှထွက်ရှိကြောင်း၊ နွေစပါးစိုက် အသင်းသားတောင်သူများကို စိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ကြိတ်ခွဲဖြန့်ဖြူးမှုလုပ်ငန်းစဉ်များ အောင်မြင်အောင်ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

အဆိုပါ ကြည့်ရှုစစ်ဆေးရာသို့ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများနှင့် ရွှေလေးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသားတောင်သူများ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**ဝါဝါမြင့်(မြစ်သား)**

- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

**ကျောက်ဆည် ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း စုဝေးခန်းမတွင်ကျင်းပရာ အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)မှ မေဂျာပေါင်းစုံ ကျောင်းသား၊ ကျောင်းသူများမှ သိပ္ပံနှင့်နည်းပညာသီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့သည်။ ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး တစ်ထောင့်တစ်နေရာမှ အထောက်အပံ့ပြုနိုင်ရန်အတွက် လေ့လာသင်ယူမှုများပြုလုပ်ရာတွင် စာတွေ့၊ လက်တွေ့ နှစ်ရပ်လုံး ထူးချွန်ထက်မြက်အောင် လေ့လာသင်ယူရေး၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး အများအကျိုးသယ်ပိုးဆောင်ရွက်နိုင်သည့် လူတော်လူကောင်းများဖြစ်အောင် မိမိကိုယ်ကို ပျိုးထောင်သွားကြရန် အမှာစကားပြောကြားခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သူများအား ဆုများချီးမြှင့်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးထွန်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးအောင်သူ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)ကျောင်းအုပ်ကြီး ဒေါက်တာဇာနည်ထွန်းနှင့် တာဝန်ရှိသူများက တတိယနှစ်၊ ဒုတိယနှစ် (အဆောက်အအုံနည်းပညာသင်တန်းနှင့် လျှပ်စစ်နည်းပညာသင်တန်း၊ စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာသင်တန်းနှင့် သုတနည်းပညာသင်တန်း၊ အဆောက်အအုံပြုပြင်ထိန်းသိမ်းခြင်းနည်းပညာသင်တန်းနှင့် မော်တော်ယာဉ်နည်းပညာသင်တန်းတို့မှ ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဆုများအသီးသီး ချီးမြှင့်ခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်းနှင့် အခမ်းအနားသို့ တက်ရာက်သူများအား ကျောင်းသား၊ ကျောင်းသူလေးများက အကများ၊ သီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ထက်ထက်(ကျောက်ဆည်)**



# တစ်သျှူးငှက်ပျောပင်များ စိုက်ပျိုးနိုင်ရန် ပျိုးပင်များ ပေးအပ်

**ဂန့်ဂေါ ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့၌ အခြေခံပညာ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား အာဟာရဖြည့်စွက်စာကျွေးမွေးမည့် လုပ်ငန်းစီမံချက်တွင် ပါဝင်သည့် တစ်သျှူးငှက်ပျောပင်များ စိုက်ပျိုးနိုင်ရန်အတွက် ပျိုးပင်များ ပေးအပ်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(စည်ပင်သာယာ) ကျောင်းတွင် ကျင်းပရာ ဂန့်ဂေါခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဂန့်ဂေါခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဗိုလ်မောင်က တစ်သျှူးငှက်ပျောပျိုးပင် စိုက်ပျိုးနည်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တစ်သျှူးငှက်ပျော ပျိုးပင်များအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အ·လ·က(ခွဲ)(စည်ပင်သာယာ) ကျောင်းမှ ဆရာ၊ ဆရာမများထံ ပေးအပ်ပြီးနောက် စည်ပင်သာယာကျောင်းဝင်းအတွင်း၌ ပျိုးပင်များအား တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စိုက်ပျိုးခဲ့ကြသည်။

ထို့နောက် အခြေခံပညာမူလတန်းကျောင်း(မြို့မတောင်ပိုင်း)တွင် တစ်သျှူးငှက်ပျောပျိုးပင်များ ပေးအပ်ပွဲကို ဆက်လက်ကျင်းပပြီးနောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဗိုလ်မောင်နှင့် ဝန်ထမ်းများ၊ တာဝန်ခံ ခရိုင်ပညာရေးမှူး ဦးမြင့်ဝင်း၊ တာဝန်ခံ မြို့နယ်ပညာရေးမှူး ဦးဟန်စိုးစိုး၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက တစ်သျှူးငှက်ပျော ပျိုးပင်များကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မောင်မျိုးမင်း(ပြန်/ဆက်)**



# လက်ထဲက မမြင်ရသောအန္တရာယ် – မိုဘိုင်းဖုန်းမျက်နှာပြင်ပေါ်ရှိ ဘက်တီးရီးယားများနှင့် ကျန်းမာရေးသတိပေးချက်

ယနေ့ခေတ်လူသားတို့၏ နေ့စဉ်ဘဝတွင် မိုဘိုင်းဖုန်းသည် ဆက်သွယ်ရေးအတွက်သာမက သတင်းအချက်အလက်၊ ပညာရေး၊ ဘဏ်လုပ်ငန်းနှင့် လူမှုဘဝ၏ အဓိကအစိတ်အပိုင်းတစ်ခု ဖြစ်လာခဲ့သည့်အပြင် ခန္ဓာကိုယ်၏ အစိတ်အပိုင်းတစ်ခုကဲ့သို့ အမြဲတစေ လက်တစ်ကမ်းတွင် ရှိနေတတ်သည်။ သို့သော် ကျွန်ုပ်တို့ အမြဲကိုင်တွယ်နေသော ထိုဖုန်းမျက်နှာပြင်များသည် မမြင်နိုင်သော ဘက်တီးရီးယားများ၊ ဗိုင်းရပ်စ်များနှင့် မှိုပိုးများအတွက် အကောင်းဆုံး 'အိမ်ရှင်' (Host) ဖြစ်နေသည်ကို သိရှိသူ နည်းပါးပါသည်။

### ဖုန်းမျက်နှာပြင်ပေါ်တွင် အဘယ်ကြောင့် ဘက်တီးရီးယားများ စုဝေးနေသနည်း?

မိုဘိုင်းဖုန်းများသည် အပူချိန် အနည်းငယ်နွေးနေတတ်ပြီး အသုံးပြုသူ၏ လက်ချောင်းများမှ ချွေးနှင့် အရေပြားဆဲလ်များ ဖုန်းမျက်နှာပြင်ပေါ်သို့ အမြဲကပ်ငြိနေတတ်သည်။ ထို့အပြင် ဖုန်းကို အိမ်သာ၊ မီးဖိုချောင်၊ ရုံးခန်းနှင့် လူစည်ကားရာနေရာများသို့ အမြဲယူဆောင်သွားခြင်းက ဘက်တီးရီးယားများ ပွားများရန် အခြေအနေကောင်းများ ဖန်တီးပေးထားသည်။

လူတစ်ဦးသည် မိမိ၏ဖုန်းကို တစ်နေ့လျှင် အကြိမ်ပေါင်းများစွာ ထိတွေ့အသုံးပြုနေကြပြီး အိပ်ရာထချိန်မှ အိပ်ရာဝင်ချိန်အထိ မလွတ်တမ်း အသုံးပြုနေခြင်းကို တွေ့ရသည်။ သို့သော် ထိုအမြဲတမ်းအသုံးပြုနေသော မိုဘိုင်းဖုန်းမျက်နှာပြင်ပေါ်တွင် မျက်စိဖြင့် မမြင်နိုင်သော အဏုဇီဝပိုးမွှားများ၊ အထူးသဖြင့် ဘက်တီးရီးယားများသည် အန္တရာယ်တစ်ခုအဖြစ် တိတ်တဆိတ် တည်ရှိနေကြောင်း သုတေသနများက ထောက်ပြလျက်ရှိသည်။

သုတေသနများအရ မိုဘိုင်းဖုန်းမျက်နှာပြင်သည် လူတစ်ဦး၏ နေ့စဉ်ထိတွေ့မှုများမှတစ်ဆင့် အမျိုးမျိုးသော ဘက်တီးရီးယားများ စုဝေးရာနေရာတစ်ခု ဖြစ်လာနိုင်သည်။ အထူးသဖြင့် လက်မသန့်ရှင်းမှု၊ အိမ်သာအသုံးပြုပြီးနောက် ဖုန်းကို ဆက်လက်အသုံးပြုခြင်းအပြင် လူထုထပ်သောနေရာများတွင် မကြာခဏ ဖုန်းကို ထိတွေ့ကိုင်တွယ်ခြင်းတို့သည် ရောဂါပိုးများ ကူးစက်လာရန် အဓိကအကြောင်းအရင်းများ ဖြစ်သည်။

**လေ့လာမှုများတွင် အဓိကတွေ့ရှိရသော ပိုးမွှားများမှာ–**

* *Staphylococcus aureus* - အရေပြား ပိုးဝင်ခြင်းကို ဖြစ်စေနိုင်သည်။
* *E. coli* - ဝမ်းလျှောခြင်းနှင့် အစာအဆိပ်သင့်ခြင်းကို ဖြစ်စေနိုင်သည်။
* *Streptococcus* - လည်ချောင်းနာခြင်းနှင့် အခြားပိုးဝင်ခြင်းများအတွက် အကြောင်းအရင်းဖြစ်သည်။

အထူးသဖြင့် စိုးရိမ်ဖွယ်ရာအချက်မှာ မိုဘိုင်းဖုန်းများသည် တစ်ခါတစ်ရံတွင် အိမ်သာမျက်နှာပြင်ထက်ပင် ဘက်တီးရီးယားပမာဏ ပိုမိုများပြားနိုင်သည်ဟု သုတေသနအချို့တွင် ဖော်ပြထားခြင်းဖြစ်သည်။ Arizona တက္ကသိုလ်မှ သုတေသီ Dr. Charles Gerba ၏ လေ့လာမှုများအရ ဖုန်းများသည် မိသားစုအိမ်အသုံးအဆောင်ပစ္စည်းများအတွင်း အလွန်ညစ်ညမ်းနိုင်သော အရာဝတ္ထုများထဲတွင် ပါဝင်ပြီး ဘက်တီးရီးယားပမာဏသည် အိမ်သာခုံထက် ဆယ်ဆအထိ များပြားနိုင်ကြောင်း တွေ့ရှိခဲ့သည်။

ထို့အပြင် ဆေးရုံ၊ ဆေးခန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုဌာနများတွင် အသုံးပြုသော မိုဘိုင်းဖုန်းများသည် ပိုမိုအန္တရာယ် ရှိနိုင်သည်။ အကြောင်းမှာ ဆေးရုံအတွင်းရှိ Antibiotic-resistant ဘက်တီးရီးယားများ၊ အထူးသဖြင့် Methicillin-resistant Staphylococcus aureus (MRSA) ကဲ့သို့သော ပိုးများသည် ဖုန်းများမှတစ်ဆင့် လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများထံ ကူးစက်နိုင်သောအန္တရာယ်ရှိကြောင်း သုတေသနများက သတိပေးထားသည်။

မိုဘိုင်းဖုန်းပေါ်ရှိ ဘက်တီးရီးယားများသည် မျက်နှာ၊ မျက်စိ၊ နှာခေါင်း၊ ပါးစပ်တို့နှင့် တိုက်ရိုက်ထိတွေ့မှုမှတစ်ဆင့် လူ့ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်နိုင်သည်။ ထို့ကြောင့် အရေပြားပိုးဝင်ခြင်း၊ ဝက်ခြံများထွက်ခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများ ဖြစ်ပွားနိုင်သည့်အပြင် ကိုယ်ခံအားနည်းသူများတွင် ပိုမိုပြင်းထန်သော ကူးစက်ရောဂါများ ဖြစ်နိုင်သည်။

### မိုဘိုင်းဖုန်းနှင့်ပတ်သက်သည့် အမေးများသည့် မေးခွန်းများ (FAQ)

**မေး – မိုဘိုင်းဖုန်းပေါ်က ဘက်တီးရီးယားတွေက တကယ် အန္တရာယ် ရှိပါသလား?**

ဖြေ – ဟုတ်ပါသည်။ မိုဘိုင်းဖုန်းမျက်နှာပြင်ပေါ်တွင် ဘက်တီးရီးယားများ၊ ဗိုင်းရပ်စ်များနှင့် အခြားအဏုဇီဝပိုးမွှားများ တည်ရှိနိုင်သည်။ အများအားဖြင့် ၎င်းတို့သည် ချက်ချင်း ရောဂါမဖြစ်စေသော်လည်း သင့်လျော်သော အခြေအနေများရှိလာပါက ကူးစက်ရောဂါများ ဖြစ်ပေါ်စေနိုင်သည်။

**မေး – ဘာကြောင့် ဖုန်းကိုသုံးနေပေမယ့် ချက်ချင်းမဖျားသေးတာလဲ?**

ဖြေ – လူ့ခန္ဓာကိုယ်တွင် သဘာဝကာကွယ်ရေးစနစ် (Immune System) ရှိနေသောကြောင့် ပိုးမွှားအနည်းငယ်ကို ချက်ချင်း ထိန်းချုပ်နိုင်သည်။ ထို့ကြောင့် ရောဂါသည် ချက်ချင်းမပေါ်သော်လည်း အချိန်ကြာလာပြီး အခြေအနေမကောင်းလာပါက ဖြစ်ပေါ်နိုင်သည်။

**မေး – ဖုန်းပေါ်က ဘက်တီးရီးယားတွေ ဘယ်လိုနည်းနဲ့ လူကို ကူးစက်နိုင်သလဲ?**

ဖြေ – ဖုန်းကိုထိတွေ့ပြီးနောက် လက်မသန့်ရှင်းဘဲ မျက်နှာ၊ ပါးစပ်၊ နှာခေါင်း၊ မျက်စိတို့ကို ထိတွေ့ခြင်းမှတစ်ဆင့် ပိုးမွှားများ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်နိုင်ပါသည်။

**မေး – ဘယ်သူတွေမှာ ပိုပြီးအန္တရာယ်ရှိပါသလဲ?**

ဖြေ –

* ကိုယ်ခံအားနည်းသူများ
* ဆေးရုံဝန်ထမ်းများနှင့် လူနာများ
* ကလေးများနှင့် သက်ကြီးရွယ်အိုများ
* လက်သန့်ရှင်းမှုမရှိသူများ

**မေး – ဖုန်းပေါ်ရှိ ဘက်တီးရီးယားတွေက ဘာရောဂါတွေ ဖြစ်စေနိုင်သလဲ?**

ဖြေ –

* အရေပြားရောဂါများ (Acne, Dermatitis)
* အစာအိမ်နှင့် အူလမ်းကြောင်းရောဂါများ
* မျက်စိ၊ နှာခေါင်း၊ ပါးစပ် ကူးစက်ရောဂါများ
* ဆေးရုံကူးစက်ရောဂါများ (Nosocomial Infections)

**မေး – ဖုန်းပေါ်မှာ ဘက်တီးရီးယားတွေရှိပေမယ့် ဘာကြောင့် လူတွေအများကြီး ဖျားနာမလာတာလဲ?**

ဖြေ – အကြောင်းရင်းမှာ-

* လူ့ကိုယ်ခံအားက အများစုကို ထိန်းချုပ်နိုင်ခြင်း
* ပိုးပမာဏနှင့် အန္တရာယ်ရှိသောပိုးမျိုးမတူခြင်း
* ရောဂါဖြစ်ရန် 'အခြေအနေများ' လိုအပ်ခြင်းတို့ကြောင့်

ဖြစ်သည်။ သို့သော် အန္တရာယ်မရှိဟု မဆိုလိုပါ။

**မေး – အကောင်းဆုံးကာကွယ်နည်းတွေက ဘာတွေလဲ?**

ဖြေ – ကျွန်ုပ်တို့၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော ဤ 'ရောဂါပိုးမွှားများ' ကို ထိန်းချုပ်ရန် ရိုးရှင်းသော အလေ့အကျင့်များ လိုအပ်ပါသည်။

* ပုံမှန်သန့်စင်ခြင်း - ၇၀ ရာခိုင်နှုန်း Isopropyl Alcohol ပါဝင်သော ပိုးသတ်တစ်ရှူးများ (သို့မဟုတ်) သန့်ရှင်းနူးညံ့သော အဝတ်စဖြင့် ဖုန်းမျက်နှာပြင်ကို နေ့စဉ်သန့်စင်ပါ။
* လက်ဆေးခြင်း - ဖုန်းကို ကိုင်တွယ်ပြီးတိုင်း (သို့မဟုတ်) အပြင်မှ ပြန်ရောက်တိုင်း လက်ကို ဆပ်ပြာဖြင့် စက္ကန့် ၂၀ ကြာအောင် စနစ်တကျ ဆေးကြောပါ။
* စားသောက်နေစဉ် ရှောင်ကြဉ်ခြင်း - အစားအစာ စားနေစဉ် ဖုန်းကို ကိုင်တွယ်ခြင်းမှ ရှောင်ကြဉ်ပါ။
* အများသုံးနေရာများ - အိမ်သာကဲ့သို့သော မသန့်ရှင်းသည့်နေရာများတွင် ဖုန်းကို အသုံးမပြုခြင်းက ပိုးမွှားကူးစက်မှုအန္တရာယ်ကို များစွာလျှော့ကျစေသည်။

### သတိပေးချက်

မိုဘိုင်းဖုန်းသည် နေ့စဉ်ဘဝအတွက် မရှိမဖြစ်လိုအပ်သော်လည်း ၎င်းသည် 'အဏုဇီဝပိုးမွှားများ၏ သယ်ဆောင်ရာနေရာ' ဖြစ်နိုင်သဖြင့် သန့်ရှင်းရေးအလေ့အထကောင်းများသည် လူထုကျန်းမာရေး ကာကွယ်ရေး၏ အရေးကြီးသောအစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။

သို့သော် ဤအန္တရာယ်များကို ရိုးရှင်းသော သန့်ရှင်းရေးအလေ့အထများဖြင့် လျှော့ချနိုင်သည်။ ကျန်းမာရေးပညာရှင်များက မိုဘိုင်းဖုန်းကို အနည်းဆုံး တစ်နေ့တစ်ကြိမ်(သို့မဟုတ်) အပတ်စဉ် ၇၀ ရာခိုင်နှုန်း Isopropyl Alcohol ဖြင့် သန့်ရှင်းရေးလုပ်ရန် အကြံပြုထားသည်။ ထို့အပြင် လက်ကို ဆပ်ပြာဖြင့် မကြာခဏဆေးခြင်း၊ အိမ်သာအသုံးပြုပြီးနောက် ချက်ချင်း ဖုန်းမသုံးခြင်း၊ လူထုထပ်သော နေရာများတွင် ဖုန်းအသုံးပြုမှုကို လျှော့ချခြင်းတို့သည် ရောဂါကူးစက်မှုကို ထိရောက်စွာ ကာကွယ်နိုင်သော နည်းလမ်းများဖြစ်သည်။

နိဂုံးချုပ်အားဖြင့် မိုဘိုင်းဖုန်းသည် နေ့စဉ်ဘဝအတွက် မဖြစ်မနေလိုအပ်သော ကိရိယာတစ်ခုဖြစ်သော်လည်း ၎င်းသည် မမြင်ရသော ဘက်တီးရီးယားများ၏ တင်ဆောင်ရာ၊ သယ်ဆောင်ရာ အဖြစ်လည်း ဖြစ်နိုင်သည်။ ထို့ကြောင့် နည်းပညာအသုံးပြုမှုနှင့်အတူ သန့်ရှင်းရေးအလေ့အထကောင်းများကို တွဲဖက်ကျင့်သုံးခြင်းသည် လူထုကျန်းမာရေးကို ကာကွယ်ရန် အရေးကြီးသော လုပ်ဆောင်ချက်တစ်ခုဖြစ်ကြောင်း တင်ပြလိုက်သည်။

**မှတ်ချက်** – ဤဆောင်းပါးသည် ယေဘုယျဗဟုသုတအဖြစ်သာ ရေးသားထားခြင်းဖြစ်ပြီး ဆေးပညာဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုများကို အစားထိုးခြင်း မဟုတ်ပါ။

### ရည်ညွှန်းကိုးကားချက်များ


* World Health Organization (WHO). Hand Hygiene Guidance. https://www.who.int
* Centers For Disease Control and Prevention (CDC). Hygiene and Infection Prevention. https://www.cdc.gov
* Ulger, F.et al. (2009). *Are we aware how contaminated our mobile phones are?* Annals of Clinical Microbiology and Antimicrobials. https://doi.org/10.1186/1476-0711-8-7
* Brady, R. R. W. et al. (2012). Journal of Hospital Infection. https://doi.org/ 10.1016/j.jhin.2011.09.009
* University of Arizona-Charles Gerba Studies on Household Bacteria Contamination


ပါမောက္ခသိန်းဇော်လင်း

## စုံပြကျေးရွာ၌ အသိပညာပေး ဟောပြောပွဲကျင်းပ

**စဥ့်ကိုင် ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ အသိပညာ၊ အတတ်ပညာများရရှိပြီး ဗဟုသုတတိုးပွားလာစေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန် အသိပညာပေး ဟောပြောပွဲကို စုံပြကျေးရွာ၌ ဇူလိုင် ၂၁ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။



ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေးတို့နှင့် ပတ်သက်သည့် ရှောင်ရန်၊ ဆောင်ရန်များ၊ ဥပဒေပုဒ်မများနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိလိုသည်များ မေးမြန်းခဲ့ရာ ပြန်လည်ဖြေကြားခဲ့ကြောင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ကလေးအလုပ်သမားပပျောက်ရေးနှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

**ကျော်စွာ(စဥ့်ကိုင်)**

## ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(TOT)ဖွင့်လှစ်

**တံတားဦး ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဥပဒေရေးရာဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT)သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက တံတားဦးမြို့ အမှတ်(၂)ရပ်ကွက်၊ ဆုံကုန်းရပ်ရှိ မြို့နယ်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းက အမှာစကားပြောကြားပြီး၊ ခရိုင်ဥပဒေအရာရှိ ဦးရဲဆွေဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် အဖွဲ့ဝင်များ၊ သင်တန်းသားများနှင့်အတူ စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါသင်တန်းသို့ တံတားဦးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၆၂ ဦး တက်ရောက်ကြပြီး၊ သင်တန်းကို နေ့စဉ် နံနက်၉ နာရီမှ ညနေ ၄ နာရီအထိ နှစ်ရက်ကြာ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ (၄၀၉)

## ကသာမြို့ အ•ထ•က(၂)တွင် ကျောင်းသားများအား နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းပြုလုပ်

**ကသာ ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကသာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူးရုံးက 'လမင်းစီမံချက်'ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းပြုလုပ်ပေးခြင်းကို ဇူလိုင် ၂၂ ရက်တွင် ကျောင်းခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာသို့ ကသာမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသန်းထွန်း၊ ကသာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူး ဦးထွန်းနိုင်နှင့် တာဝန်ရှိသူများ၊ အ•ထ•က(၂) ကျောင်းအုပ်ကြီး ဦးအေးလွင်တို့က တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။



အစီအစဉ်အရ အ•ထ•က(၂)ရှိ Grade-8 မှ Grade - 12 အထိ ပညာသင်ကြားနေပြီး အသက်(၁၀)နှစ်ပြည့်ကာ နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသည့် ကျောင်းသား၊ ကျောင်းသူ ၂၆ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (၄၅၇)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## အရုဏ်ဦး

* ဘုန်းကြီးကျောင်းက

တုံးမောင်းခေါက်သံ ကြားရတယ် ။

* နံနက်ခင်းတစ်နေရာ

ငှက်တွေ အသင်းဖွဲ့လို့

အသံတိတ် သီချင်းဆိုရင်း

သူတို့ချင်း ပျော်မြူးကြ

ဘာသာဘာဝ ချစ်ကြခင်ကြလေရဲ့ ။

* ကောင်းကင်က ပြာ

တောင်တန်းက စိမ်း

မြစ်မင်းရော ရေပြာပြာနဲ့

စေတီသာ ရှုခင်းရယ်က

မြန်မာစိတ်ရင်း အချင်းသိစရာ ။

* မြို့ပြတစ်နေရာ

သတင်းစာထုတ်သူက ထုတ်

သတင်းစာဖြန့်သူ ဖြန့်လို့

ခေတ်မီသူတိုင်း သတင်းစာဖတ်ခြင်းနဲ့

လူသတင်း လူချင်းဆောင်ကြလေရဲ့ ။ ။

**မြတ်ထေရ်ကျော်**




## ပြည်ပသို့ ပြောင်းတင်ပို့မှု တိုးမြှင့်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း တန်ချိန် ၁ ဒသမ ၄ သန်း တင်ပို့နိုင်ရန် လျာထား

**မန္တလေး ဇူလိုင် ၂၃**

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပြောင်းတန်ချိန် ၁ ဒသမ ၄ သန်း တင်ပို့ကာ အမေရိကန်ဒေါ်လာ သန်း ၃၄၀ ကျော် ရရှိနိုင်ရေးကို လျာထားဆောင်ရွက်လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ပြီးခဲ့သည့် ဇွန်လအတွင်း ပြည်ပသို့ ပြောင်းတန်ချိန် သုံးသိန်းခွဲကျော်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၉၇ သန်းကျော်ရရှိခဲ့ရာ ဇွန်လအတွက် သတ်မှတ်ထားသည့် ပို့ကုန်လျာထားချက်ကို ပြည့်မီကျော်လွန်ခဲ့သည်။ ယင်းရလဒ်သည် ယခု ဘဏ္ဍာနှစ်အတွင်း ပြောင်းတင်ပို့မှုတိုးတက်ရေးအတွက် အားကောင်းသည့် အခြေအနေတစ်ရပ် ဖြစ်လာခဲ့သည်။

ယခု ဇူလိုင်လအတွက် ပြောင်းတန်ချိန် တစ်သိန်းကျော် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၆ သန်းကျော်ရရှိရန် လျာထားကြောင်း၊ ထို့အပြင် အဆိုပါ လျာထားချက်ထက် နှစ်ဆအထိ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ပြောင်းပို့ကုန်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ကြရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တိုက်တွန်းထားကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းထံမှ သိရသည်။

မြန်မာ့ပြောင်းကို လက်ရှိတွင် ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သို့ အဓိကတင်ပို့လျက်ရှိပြီး အိန္ဒိယနိုင်ငံကလည်း ပြည်တွင်းလိုအပ်ချက်အပေါ် မူတည်ကာ ဝယ်ယူတင်သွင်းလျက်ရှိသည်။ ထို့ကြောင့် ပြည်ပဈေးကွက်များတွင် မြန်မာ့ပြောင်းအတွက် ဝယ်လိုအား ဆက်လက်တည်ရှိနေသည်။

ထို့အပြင် ထိုင်းနိုင်ငံ၏ မူဝါဒအရ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ်လကုန်အထိ မြန်မာ့ပြောင်းများကို အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ခွင့်ရရှိထားသဖြင့် ပြောင်းတင်ပို့မှုပမာဏ ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ပြီး နိုင်ငံ၏ ပို့ကုန်ဝင်ငွေ တိုးမြှင့်ရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

၀-၀-၀-၀-၀-၀-၀



## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၂၁)၊ ဦးပိုင်အမှတ်(၈၃+၈၄)၊ ဧရိယာ(၀ ဒသမ ၀၈၂)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးဟန်ထွန်း(ဘ-ဦးပြုံးရှိန်)(၉/နထက(နိုင်) ၁၀၅၇၇၁)ကိုင်ဆောင်သူအမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ ယခုအခါ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ဆိုင်သူမှ ပိုင်ဆိုင်မှုမူရင်းများ ပြသရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ဖြိုးဖြိုးအေး (LL.B) တရားလွှတ်တော်ရှေ့နေ**
**အကွက်အမှတ်(ငင-၇)၊ ၅၄လမ်း၊ ဘုရင့်နောင်လမ်းနှင့်အနော်ရထာလမ်းကြား၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၅၅၀၈၉၊ ၀၉-၉၇၈၈၈၃၆၃၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၂၂)၊ ဦးပိုင်နံပါတ်(၆၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးသိန်းထွန်း အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်မာချို (ဘ)ဦးကျော်ရှိန်(၈/ခမန(နိုင်)၀၆၀၀၆၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင်(LL.M)** တရားလွှတ်တော်ရှေ့နေ
**ဦးဖြိုးသာစန့် (LL.B)** အထက်တန်းရှေ့နေ
**ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်သဲမို့မို့ထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၆)၊ ဦးပိုင်အမှတ်(၆၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်အေးမွန်(ဘ-ဦးအိုက်မင်ကောင်း)(၁၃/လရန(နိုင်)၂၀၅၁၉၉)ကိုင်ဆောင်သူအမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ ယခုအခါ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ဆိုင်သူမှ ပိုင်ဆိုင်မှုမူရင်းများ ပြသရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ဖြိုးဖြိုးအေး (LL.B) တရားလွှတ်တော်ရှေ့နေ**
**အကွက်အမှတ်(ငင-၇)၊ ၅၄လမ်း၊ ဘုရင့်နောင်လမ်းနှင့်အနော်ရထာလမ်းကြား၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၅၅၀၈၉၊ ၀၉-၉၇၈၈၈၃၆၃၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၅)၊ ဦးပိုင်နံပါတ်(၆၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဒေါ်ရှယ်လီထွန်းအောင် အမည်ပေါက်ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သင်းသင်းဖြူ (ဘ)ဦးရန်ယုဆုံး(၉/ခမစ(နိုင်)၀၆၂၂၃၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင်(LL.M)** တရားလွှတ်တော်ရှေ့နေ
**ဦးဖြိုးသာစန့် (LL.B)** အထက်တန်းရှေ့နေ
**ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်သဲမို့မို့ထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၇)၊ ဦးပိုင်အမှတ်(၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဒေါ်ခင်စိန်အုန်း ဂရန်အမည်ပေါက် မြေကွက်အား အကြွင်းမရှိ တရားဝင်လက်ရှိထား ပိုင်ဆိုင်ထားသူများဖြစ်ကြသော ဦးကြည်ဟော့(ဘ)ဦးမြင့်လွင်(၁၃/နခန(ဧည့်)၀၀၀၁၄၁)နှင့် ဒေါ်ဆန်းဆန်းယဉ်(ဘ)ဦးလန်ပြင်ဆိုက်(၉/ခအဇ(ပြု)၀၀၀၃၀၅)တို့မှ ဂရန်အမည်ပေါက်သူ ဒေါ်ခင်စိန်အုန်းထံမှ အထူးကိုယ်စားလှယ်စာဖြင့် ဝယ်ယူထားပြီး ဂရန်မူရင်းအားပြသ၍ ရောင်းချသဖြင့် ကျွန်ုပ်မိတ်ဆွေ ဦးသောင်းနိုင်ဝင်း(ဘ)ဦးအောင်သိန်းက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ရာ အဆိုပါဂရန်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများ၊ တရားရုံးဒီကရီများနှင့်တကွ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးထွန်းထွန်းနိုင် (LL.B)**
**(စဉ်-၁၈၉၅၂)တရားလွှတ်တော်ရှေ့နေ**
**အမှတ်(တတ-၆/၇၁)၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၉၇၄၈၀၅၉၈၁**

## မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၄၉၂-ခ)၊ ဦးပိုင်အမှတ်(၂၉)၊ ဧရိယာ(၀ ဒသမ ၀၂၈၇)ဧက အကျယ်အဝန်းရှိသော ဦးကျော်သူ အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်အဆောက်အဦ၊ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်သူ(ဘ)ဦးစိန်တူ(၉/စကန(နိုင်)၀၀၀၁၈၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း: 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၅)၊ ဦးပိုင်အမှတ်(၂၆-က)၊ ဧရိယာ (၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဦးရှီကျင်ဟိုက်(ခ)ဦးတင်မြင့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ လက်ရှိလက်ရောက် ပိုင်ဆိုင်အသုံးပြုလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူ ဒေါ်ဖူးပွင့်မောင်(ဘ)ဦးလေးမောင်(၉/ခအဇ(နိုင်)၀၃၀၉၆၅) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်အိအိနိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၇၅လမ်း၊ ၁၁၃လမ်းနှင့်၁၁၄လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၁၁၈၆၄၁၊ ၀၉-၇၉၆၅၀၃၇၄၃**

## မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ်(၁၇၀)၊ ဦးပိုင်အမှတ်(၃၉-တ)၊ ဧရိယာ(၀ ဒသမ ၀၁၀၆)ဧက အကျယ်အဝန်းရှိသော ဦးမိုအင်အာမက်(ခ)ခင်မောင်မြင့် အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အဦ၊ ရေမီတာ၊ ပါဝါမီတာ(၁)လုံး၊ လျှပ်စစ်မီတာ(၂)လုံး(ဆက်လက်သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမိုအင်အာမက်(ခ)ခင်မောင်မြင့်(ဘ)ဦးအဗ္ဗဒူလ်ကယွန်း(ခ)ပုလဲတင်အောင်(၉/မနမ(နိုင်)၀၀၇၄၇၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း: 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂)၊ ဦးပိုင်အမှတ်(၆၄)၊ ဧရိယာ(၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိ ဒေါ်ညိုညိုသက် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၁)ထပ် အဆောက်အဦး၊ မီးမီတာအပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးရဲထွန်း(ဘ)ဦးကျော်ဟိန်း(၉/မဟမ(နိုင်)၀၀၉၄၆၀) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးဝင်ငွေ စရန်ငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးရဲမြတ်သူထွန်း (LL.B) ဦးဝေလင်းထွန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**၂၄လမ်းနှင့် ၂၅လမ်းကြား၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၇၅၀၅၈၂၆၊ ၀၉-၉၈၅၂၀၀၄၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၂၀)၊ ဦးပိုင်အမှတ်(၂၇)၊ မန္တလေး၊ သံလျက်မော်တောင်ရပ်ကွက်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ (၁၈-၄-၂၀၀၁)ရက်စွဲပါ ဒေါ်သောင်းညွန့်၊ ဦးခင်ဇော်(၂)ဦး အမည်ဖြင့် ချထားပေးသော ဧရိယာ ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း ဧရိယာ(၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောက်အဦး အပါအဝင် အကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်တင့်တင့်နိုင်(ဘ)ဦးမော်မော်နိုင်(၉/ခမစ(နိုင်)၀၅၀၁၄၁) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်အေးသီတာအောင် (LL.M) ဒေါ်စာနည်အောင် (LL.B)**

**ဒေါ်သန်းသန်းဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၁၁၀-ဃ)၊ မင်္ဂလာလမ်း၊ ၇၇လမ်းနှင့် ၇၈လမ်းကြား၊**

**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၇၂၇၇၈၆၂၃၊ ၀၉-၇၉၈၆၉၉၅၄၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရဲဘော်ကွက်သစ်ရပ်ကွက်၊ ကွက်စိပ်(၉)၊ ဦးပိုင်အမှတ်(၁၃၇/၁)၊ ဧရိယာ အရှေ့-အနောက်(၂၇)ပေ၊ တောင်-မြောက် (၃၆ ဒသမ ၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်တင်စန်းဝင်း(ဘ)ဦးအေးမောင်(၉/ရမသ(နိုင်)၀၀၁၄၉၅) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်အေးသီတာအောင် (LL.M) ဒေါ်စာနည်အောင် (LL.B)**

**ဒေါ်သန်းသန်းဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၁၁၀-ဃ)၊ မင်္ဂလာလမ်း၊ ၇၇လမ်းနှင့် ၇၈လမ်းကြား၊**

**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၇၂၇၇၈၆၂၃၊ ၀၉-၇၉၈၆၉၉၅၄၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၆)၊ ဦးပိုင်နံပါတ်(၅၀-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးလင်ကိန်းဆုံး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ချိုင်ကြင်(ခ) ဒေါ်မေမိုးမိုး(ဘ)ဦးကိုနီဒွဲ(၉/မကန(နိုင်)၀၈၉၉၉၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၀)၊ ဦးပိုင်နံပါတ်(၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဦးကျော်သန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံး အခြမ်း (၁၅ ပေ × ပေ ၄၀)နှင့်ကပ်လျက် မြောက်ဘက်ပိုင်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြင့်ဦးလွင်(ဘ)ဦးတင်အေး(၉/မနမ(နိုင်)၀၄၈၆၃၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M) ဦးဖြိုးသစ္စန့် (LL.B) ဦးစည်သူအောင် (LL.B) ဒေါ်သဲမိုမိုထွန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၄)၊ ဦးပိုင်နံပါတ်(၂၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးမြင့်လွင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဝင်းမာ(ဘ)ဦးထွေး(၉/မရတ(နိုင်)၀၅၀၁၅၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ငင-၇)၊ ဦးပိုင်နံပါတ်(၁၄၁-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးရဲအောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမင်းဇော်(ဘ)ဦးတင်အောင်(၉/မဟမ(နိုင်)၀၀၆၂၆၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## ကြော်ငြာစာ(အိမ်ဖျက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၆)၊ ဦးပိုင်အမှတ်(၂၇-ခ)၊ မြေကွက်ပေါ်တွင် ဒေါ်ညိုမာဟန် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၈/မမန(နိုင်)၁၃၃၁၉၈)က နံကပ်(၂)ထပ် အဆောက်အအုံ ဖျက်သိမ်းခွင့်(အိမ်ဖျက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၁)၊ ဦးပိုင်အမှတ်(၉၄-ခ/၁၇ + ၉၄-ခ/၁၈)၊ မြေကွက်ပေါ်တွင် ဒေါ်ဥမ္မာဇင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/လလန(နိုင်)၀၀၀၉၁၇)က S.S(၁)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၇)၊ ဦးပိုင်အမှတ်(၅၈)၊ မြေကွက်ပေါ်တွင် ဒေါ်ဖြူဖြူဖွေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ကလဝ(နိုင်)၀၅၃၀၁၉)က မြေအောက်ထပ် + RC (၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မတ္တရာမြို့နယ် ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ပြန်လည်ထူထောင်ရေးဆောင်ရွက်ပြီး၍ ဓာတ်အားများ စတင်လွှတ်ပေးခြင်း အခမ်းအနားသို့ တက်ရောက်






**မန္တလေး ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်နှင့် မြို့နယ်ပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးထားသော မတ္တရာမြို့နယ် ဓာတ်အားခွဲရုံနှင့်ဓာတ်အားလိုင်းများမှာ အကြောင်းအမျိုးမျိုးကြောင့် ပြတ်တောက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၆ ရက်မှစ၍ တစ်မြို့လုံးဓာတ်အားပြတ်တောက်ခဲ့ရသည်။

မတ္တရာမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများကို လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တို့၏ အနီးကပ်ကြီးကြပ်ဆောင်ရွက်မှုတို့ဖြင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ မတ္တရာမြို့နယ်၏ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ခဲ့ပြီး မတ္တရာမြို့နယ်ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ပြန်လည်ထူထောင်ရေးဆောင်ရွက်ပြီးစီး၍ ယနေ့တွင် လျှပ်စစ်ဓာတ်အားလွှတ်ပေးခြင်းအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် စက်ခလုတ်နှိပ်၍ ဓာတ်အားစတင်လွှတ်ပေးခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှအရာရှိများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အမှုဆောင်အရာရှိချုပ်နှင့်တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။



အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင်မတ္တရာမြို့နယ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ဓာတ်အားပြတ်တောက်မှုများ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ပျက်စီးပျောက်ဆုံးမှုများဖြစ်ပေါ်ခဲ့ရပါကြောင်း၊ နိုင်ငံတော်က လျှပ်စစ်ဓာတ်အား အမြန်ဆုံးပြန်လည်ရရှိအောင် ဆောင်ရွက်ပေးသည်နှင့်အညီ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ၏ စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ယနေ့တွင် လျှပ်စစ်ဓာတ်အားပြန်လည်၍ စတင်ပေးနိုင်ပြီဖြစ်ပါကြောင်း၊ လက်ရှိ မတ္တရာမြို့နယ်အတွင်းရှိ တောင်ပြုံးဓာတ်အားခွဲရုံနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် မတ္တရာဓာတ်အားခွဲရုံတို့မှ တစ်ဆင့် ထရန်စဖော်မာ ၁၂၆ လုံးဖြင့် လျှပ်စစ်မီးအသုံးပြုသူ ၁၂၀၀၉ ဦးအား လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ပါကြောင်း၊ မတ္တရာမြို့နယ်တွင် မြို့ပေါ်(၅)ရပ်ကွက်၊ ကျေးရွာပေါင်း ၂၈၆ ရွာရှိပြီး ၂၀၂၄ ခုနှစ် ဖွန်လတွင် ဓာတ်အားစနစ်မှတစ်ဆင့် မီးသုံးသူစုစုပေါင်း ၂၆၂၉၃ ဦးရရှိကာ မီးလင်းပြီးကျေးရွာပေါင်း ၂၄၅ ရွာရှိပါကြောင်း၊ မီးလင်းရန် ကျန်ရှိကျေးရွာများကိုလည်း လျှပ်စစ်ဓာတ်အားအမြန်ဆုံးဖြန့်ဖြူးပေးသွားမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားခွဲရုံများနှင့်ဓာတ်အားလိုင်းများ ပျက်စီးပျောက်ဆုံးမှုများ မဖြစ်ပေါ်စေရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားပြီး လျှပ်စစ်ဓာတ်အားများ အလေအလွင့်မရှိစေရန် မှန်ကန်ကောင်းမွန်စွာ အကျိုးရှိရှိအသုံးပြု၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဓာတ်အားခွဲရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး ငွေလက်ခံကောင်တာတွင် လျှပ်စစ်ဓာတ်အား **စာမျက်နှာ ၁၂ သို့** ■

## (၂၀)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ ပွဲစဉ်ဇယားထွက်ရှိ၊ မြန်မာအသင်း တောင်ကိုရီးယားနှင့် အဖွင့်ပွဲစဉ် ယှဉ်ပြိုင်မည်

**ရန်ကုန် ဇူလိုင် ၂၃**

ဂျပန်နိုင်ငံတွင် ၂၀၂၆ ခုနှစ်၌ ကျင်းပမည့် (၂၀)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ (20th Asian Games 2026) အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ အုပ်စုမဲခွဲပွဲအပြီးတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ပါဝင်ယှဉ်ပြိုင်ရမည့် အုပ်စု(B) ပွဲစဉ်ဇယားနှင့် ကျင်းပမည့်ကွင်းများကို ထုတ်ပြန်လိုက်ပြီဖြစ်သည်။

အုပ်စု(B)တွင် မြန်မာအသင်း၊ တောင်ကိုရီးယားအသင်း၊ မြောက်ကိုရီးယားအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်းတို့ ပါဝင်နေပြီး မြန်မာအသင်းသည် အဖွင့်ပွဲစဉ်အဖြစ် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် တောင်ကိုရီးယားအသင်းနှင့် Osaka မြို့ရှိ Nagai Stadium ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ထို့နောက် စက်တင်ဘာ ၁၇ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့်လည်းကောင်း၊ စက်တင်ဘာ ၂၁ ရက်တွင် ဘင်္ဂလားဒေ့ရှ်အသင်းနှင့် လည်းကောင်း Osaka မြို့ရှိ Nagai Stadium ၌ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မြန်မာအသင်း၏ အုပ်စု(B)ပွဲစဉ်အဖြစ် စက်တင်ဘာ ၁၄ ရက်တွင် တောင်ကိုရီးယားနှင့် မြန်မာ၊ စက်တင်ဘာ ၁၇ ရက်တွင် မြန်မာနှင့် မြောက်ကိုရီးယား၊ စက်တင်ဘာ ၂၁ ရက်တွင် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာတို့ အသီးသီးယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ယခုနှစ် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အသင်း ၁၂ သင်းကို အုပ်စု သုံးစုခွဲ၍ ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုတစ်စုစီမှ အဆင့် (၁) နှင့် (၂) ရရှိသည့် အသင်းများအပြင် တတိယနေရာရအသင်းများအနက် အကောင်းဆုံးနှစ်သင်း၊ စုစုပေါင်း ရှစ်သင်းသည် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

(NGB)

၀-၀-၀-၀

